ကာလေန ဓမ္မသာကစ္ဆာ ဇတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၁၉ ရက်၊ စနေနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၆၀)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ယူနိုကယ်မြန်မာအော့ဖ်ရှိုးကုမ္ပဏီလီမိတက်မှ ဒုတိယဥက္ကဋ္ဌမစ္စတာရင်ဒီဟောင်ဝဒ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇွန် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Unocal Myanmar Offshore Co., Ltd. မှ Senior Vice President, Global Marketing, Unocal Corporation, Mr. Randy Howard နှင့် အဖွဲ့အား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် Mr. Randy Howard နှင့်အတူ (Myanmar, Thailand, Vietnam), I.E.O, South East Asia, Chairman, Mr. Steve Green နှင့် Unocal (Myanmar) President, Mr. David C. Peters တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် Unocal Myanmar Offshore Co., Ltd. မှ Senior Vice President, Global Marketing, Unocal Corporation, Mr. Randy Howard အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၂/၂၀၀၄)တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)



အစုအဖွဲ့အလိုက်ရှင်းလင်းတင်ပြသည်မှာ ဒီမိုကရေစီနိုင်ငံသစ်အတွက် အားတက်ဖွယ် အမျိုးသားညီလာခံကြီးအောင်မြင်ရန် အပြုသဘောဆောင်သည့်အကြံဉာဏ်များတင်ပြ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲဘေးဖယ်၊ နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးကြိုးပမ်း

ရန်ကုန် ဇွန် ၁၈

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၂/၂၀၀၄)ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

ပညာရေးကဏ္ဍ အောင်မြင်တိုးတက်မှုများရရှိ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်ရေးကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ခေတ်မီနိုင်ငံတော်ကို အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များကသာ တည်ဆောက်နိုင်မည် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်စေရန် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ အောင်မြင်စွာအကောင်အထည်ဖော် ပြီးစီးခဲ့ပြီ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် အမျိုးသားပညာရည်မြင့်မားရေးအတွက် ရေရှည်မျှော်မှန်းချက်များ ချမှတ်၍ အနှစ်(၃၀) နှစ်ရှည်စီမံကိန်းအဖြစ် အပိုင်းလိုက် စတင်အကောင်အထည်ဖော်လျက် ရှိသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇွန်လ ၁၇ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဗဟိုကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၂/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်-

"ကျောင်းများမဖွင့်မီ အခြေခံပညာအဆင့် နှီးနှောဖလှယ်ပွဲနှင့် အဆင့်မြင့်ပညာအဆင့် နှီးနှောဖလှယ်ပွဲများကိုလည်း နှစ်စဉ်နှစ်တိုင်း မိမိတို့ ကျင်းပပြုလုပ်ခဲ့ရာ ပညာရေးဝန်ကြီးဌာန အောက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ပညာရှင်များက စုပေါင်း၍ ပညာရည်မြင့်မားရေး အတွက် လိုအပ်သည်များကို အပြန်အလှန် ဆွေးနွေးအကြံပြုနိုင်ခဲ့ကြောင်း၊ ယင်းနှီးနှော ဖလှယ်ပွဲများက ပညာရေးနှင့်စပ်လျဉ်းသည့် ရေ့လုပ်ငန်းစဉ်များကိုလည်း ပီပီပြင်ပြင်ချမှတ် နိုင်ခဲ့ပြီး ပညာရေးလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း"

ဆွေးနွေး ပြောကြားသွားသည်။

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို အောင်အောင်မြင်မြင် အကောင် အထည်ဖော်နိုင်ခြင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူး ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တို့ကို အချိတ်အဆက် မိမိ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခြင်းတို့ကြောင့် မြို့ပြနှင့် ကျေးလက်ဒေသအကြား၊ နယ်စွန်နယ်ဖျားနှင့် အတွင်းပိုင်းဒေသများအကြား ပညာရေးကွာဟချက် ကြီးမားနေခဲ့ရမှုများကို သိသိ သာသာ လျော့နည်းကျဆင်းသွားစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်များ၌လည်းကောင်း၊ နိုင်ငံ့အကြီးအကဲများ၏ ခရီးစဉ်များ၌ လည်းကောင်း ပညာရေးကဏ္ဍနှင့်စပ်လျဉ်းပြီး လိုအပ်ချက်များအပေါ် သီးခြားဖြည့်ဆည်းပေးခဲ့သည် များလည်း များစွာရှိခဲ့သည်။ ထို့အပြင် နယ်မြေဒေသများမှ တိုင်းရင်းသားပြည်သူများ၏ တင်ပြချက်များ အပေါ် စိစစ်ဖြည့်ဆည်းပေးခဲ့သည်များလည်း ရှိသည်။ ဤကဲ့သို့ အလေးပေးဆောင်ရွက်ပေးခဲ့မှုများ ကြောင့် ပညာရေးကဏ္ဍသည် အချိန်တိုကာလအတွင်း တိုးတက်လာခြင်းဖြစ်သည်။

ယင်းကဲ့သို့ အားရဖွယ်ရာ တိုးတက်ဖွံ့ဖြိုးမှုများရရှိလာသည်မှာ မိဘပြည်သူများ၊ စေတနာအလှူရှင် များ၏ အားတက်သရော ပူးပေါင်းဆောင်ရွက်မှုကြောင့်လည်း ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရနှင့်ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပညာရေးကဏ္ဍ၌ အောင်မြင်တိုးတက်မှုများ ဖြစ်ထွန်းခဲ့သည့်အလျောက် အရှိန်အဟုန်မပျက် တိုးတက် အောင်မြင်မှုများ ဆက်လက်ရရှိစေရန် ဟန်ချက်ညီညီ ပူးပေါင်းအားထုတ် ကြိုးပမ်းသွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၉-၆-၂၀၀၄
(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ကိသုကောပမသုတ်"**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  (က)မြန်မာစာ
  (မြန်မာစာအထူးပြု)
  (ခ)အာသံနိုင်မော်ကွန်း၏ ဂုဏ်ရည်
- ၅:၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်ကိုင်အိတ်ဒီဇိုင်း အဆန်းနဲ့ အရမ်းကိုလှ"** (အပိုင်း-၁၃)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားတဲ့သမား"**(အပိုင်း-၁၁)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇွန် ၁၇ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်နှင့် မြေပုံမြို့နယ် အရန်မီးသတ်တပ်ဖွဲ့၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မီးသတ်တပ်ဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တာမိုးညဲဒေသ အရန်မီးသတ်တပ်ဖွဲ့နှင့် မီးသတ်ဦးစီးဌာန(ရုံးချုပ်)တွင် ထားရှိမည့် မီးသတ်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (မီးသတ်ဦးစီး)

ဖွံ့ဖြိုးသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံယှဉ်ပြိုင်နိုင်

ရန်ကုန် ဇွန် ၁၈

၂၀၀၅ ခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး သတ်မှတ်ထားသောခေါင်းစဉ်မှာ ဖွံ့ဖြိုးသာယာပြည်မြန်မာ ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ရောင်စုံဓာတ်ပုံ ပြိုင်ပွဲဝင်လိုသူများသည် ၁၀ လက်မ X ၁၂ လက်မထက်မငယ်သော အရွယ်အစားဖြင့် Print ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

အပြည့်အစုံပါရှိရမည်

ပြိုင်ပွဲဝင် ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ယင်းဓာတ်ပုံသည် ပြည်တွင်း၊ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့်အကြောင်းအရာ (Caption) အပြည့်အစုံပါရှိရမည် ဖြစ်သည်။

ပူးတွဲပေးပို့

ဓာတ်ပုံများကို ပေးပို့သည့်အခါ ပြိုင်ပွဲဝင်လိုသူ၏ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည် ဖြစ်သည်။

တိုး၍ဆုချီးမြှင့်မည်

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးကျော်ဇင်ဦး ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (၂၂/၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ စက်တင်ဘာ ၃၀ ရက်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး ဆုရရှိသူများအား ယခင်နှစ်များနှင့်မတူဘဲ တိုးမြှင့်၍ ဆုချီးမြှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် အင်းလျားမြိုင်လမ်း အမှတ်-၅၆ (အေ)နေ ဦးဝင်းဖေ၊ ဒေါ်အေးအေး၊ သားသမီး၊ မြေးတစ်စုတို့က (၄၃)နှစ်မြောက် မင်္ဂလာနေ့အထိမ်းအမှတ် သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

✡ ရှေ့ဖုံးမှ

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးမြင့်သိန်းက ဆောင်ရွက်သည်။

အရှိန်အဟုန်မြင့်မား

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)က အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံအစည်းအဝေး ကျင်းပသည်မှာ ပဉ္စမပတ် ကုန်ဆုံးပြီဖြစ်ကြောင်း၊ သီတင်းပတ်များ တစ်ပတ်ပြီးတစ်ပတ်ကုန်ဆုံးလာသည်နှင့်အမျှ အစည်းအဝေး၏ အရှိန်အဟုန်သည်လည်း ပိုမိုမြင့်မားပြီး အရေးကြီးသည့် အပိုင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ညီလာခံကိုယ်စားလှယ်များက တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း၊ မိမိတို့၏ သဘောထားအမြင်များ၊ အကြံပြုချက်များကို အစုအဖွဲ့လိုက် အစည်းအဝေးများတွင် ပွင့်ပွင့်လင်းလင်း ဖတ်ကြားရှင်းလင်းတင်ပြခဲ့ကြသည်များမှာ ရှေ့ဆက်သွားမည့် ဒီမိုကရေစီနိုင်ငံသစ်အတွက် အားတက်ဖွယ်ရာ အလေ့အကျင့်ကောင်းများဖြစ်ပါကြောင်း၊ ရှေ့ဆက်သွားမည့် နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ်အနက် ယခုကျင်းပနေသည့် အမျိုးသားညီလာခံသည် ပထမဆုံးခြေလှမ်းဖြစ်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက်လည်း အခြေခံအကျဆုံးဖြစ်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရန် အခြေခံရမည့်မူများကို ချမှတ်ပေးမည့် ညီလာခံကြီးဖြစ်ကြောင်း။

တူညီသောရည်မှန်းချက်

ကိုယ်စားလှယ်များထဲတွင် လူထုလူတန်းစား အမျိုးမျိုး၊ တိုင်းရင်းသားအမျိုးမျိုးနှင့် အဖွဲ့အစည်းအမျိုးမျိုးက ပါဝင်ခဲ့ကြသဖြင့် အစည်းအဝေးစတင်စက အမျိုးမျိုးသော ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ၊ ဆန္ဒများဖြင့် တက်ရောက်လာခဲ့ကြခြင်းဖြစ်သော်လည်း ယခုအစည်းအဝေးအချိန်များ ကြာလာသည်နှင့်အမျှ အမျိုးသားညီလာခံကြီး အောင်မြင်ရမည်ဆိုသည့် တူညီသော ရည်မှန်းချက်ဖြင့် အချင်းချင်း တွေ့ဆုံညှိနှိုင်းတိုင်ပင်ဆွေးနွေးကြပြီး အပြုသဘောဆောင်သည့် အကြံဉာဏ်များ၊ ဆန္ဒများကို တင်ပြလာကြသည်ဖြစ်၍ အလွန်ဝမ်းသာအားတက်စရာ ကောင်းကြောင်း။

အစုအဖွဲ့က ကိုယ်စားပြုရေးသားပြီးသည့် စာတမ်းများ မိမိတို့လုပ်ငန်းကော်မတီကို ရောက်ရှိလာကြပြီဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့်လည်း အစုအဖွဲ့ရှစ်ဖွဲ့က တင်ပြလာသည့် စာတမ်းများကိုမျက်ခြည်မပြတ် အထပ်ထပ်ဖတ်ကြားလေ့လာပြီး အစုအဖွဲ့များနှင့် တိုင်ပင်ခြင်း၊ ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်းများ ပြန်လည်ပြုလုပ်ပြီး နိုင်ငံတော်အတွက် အခြေခံကောင်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း။

ပကတိအခြေအနေ

ဆွေးနွေးညှိနှိုင်းအမြင်ချင်းဖလှယ်ကြရာ၌ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲများကို ဘေးဖယ်ထားပြီး နိုင်ငံနှင့် လူမျိုးအတွက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါရန်နှင့် နိုင်ငံတော်၏ သမိုင်းကြောင်းတစ်လျှောက် တွေ့ကြုံခဲ့ရသည့် ကောင်းကျိုးဆိုးပြစ်များကို သင်ခန်းစာယူ၍ ပစ္စုပ္ပန်၏ ပကတိအခြေအနေများကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ပြီး အနာဂတ်အတွက် ကောင်းကျိုးကိုဆောင်ကြဉ်းပေးနိုင်မည့် ခိုင်မာသောအခြေခံမူများကို ချမှတ်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဘာသာပြန်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် ဘာသာပြန်အဖွဲ့ကို အဖွဲ့ဝင်ငါးဦးဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အလှူငွေများပေးအပ်ပွဲလည်း ကျင်းပရန်စီစဉ်ထားကြောင်း၊ အလှူငွေပေးအပ်ပွဲတွင် ရခိုင်ပြည်နယ်၌ လေပြင်းတိုက်ခတ်မှုအတွက် ညီလာခံကိုယ်စားလှယ်များက အလှူငွေများပေးလှူလိုကြောင်း ဆန္ဒပြုချက်အရ အလှူငွေပေးအပ်ခြင်းနှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူရှင်များက အလှူငွေများ ပေးအပ်ခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း။

အပတ်စဉ် ကြာသပတေးနှင့် တနင်္ဂနွေနေ့ ဖျော်ဖြေရေးအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်အငြိမ့်၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၏ဖျော်ဖြေမှုနှင့် တေးဂီတအစီအစဉ်များပါ စီစဉ်ထားကြောင်း၊ တေးဂီတအစီအစဉ်တွင် ဆုရသူများအား ဆုချီးမြှင့်ရန် စီစဉ်ထားကြောင်း၊ မင်းဥက္ကာဆင်အဖွဲ့၏ ဆင်အကဖြင့် ဖျော်ဖြေရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့များထံသို့ အကြံပြုချက်စာတမ်းများပေးအပ်မှုအခြေအနေ၊ လုပ်ငန်းကော်မတီသို့ အကြံပြုစာတမ်းများတင်ပြမှုအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်က ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှုအတွက် ဆောင်ရွက်ထားရှိမှု၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအား လေ့လာရေးခရီးပို့ဆောင်ရေးအတွက် စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းစီမံပေး

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များက အမျိုးသားညီလာခံကျင်းပခြင်းဆိုင်ရာ အထွေထွေကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၂/၂၀၀၄)ကို မွန်းလွဲ ၁၂နာရီ ၂၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့်စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၂/၂၀၀၄)တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၂/၂၀၀၄)တွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဖြင့်ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၁၈

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည ၇နာရီမှစတင်၍ ဖျော်ဖြေရေး အစီအစဉ်များကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာ မလိခစိုးထိုက်အောင် ရိုက်ကူးပြီး သရုပ်ဆောင် ညွန့်ဝင်း၊ ဒွေး၊ နန္ဒာလှိုင်၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သရုပ်ဆောင်ထားသည့် **“ရင်ခွင်နန်းတော်”** ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ တင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ **(သတင်းစဉ်)**

အောင်မြေဥဒါန်း

(၁)

☆ ညောင်နှစ်ပင်စခန်းမြေကတော့
နောင်အစဉ် ဥဒါန်းတွင်စေမယ့်
အောင်မြင်တဲ့ လမ်းပေ။

(၂)

☆ အမျိုးသားအရေးပေမို့
နိုးကြားတဲ့ အတွေးအခေါ်နဲ့
အရေးတော်တစ်ခါ ကြုံပြီကွယ့်
အလွှာစုံညီ တိုင်းရင်းသားတွေက
ရိုင်းပင်းတဲ့ ‘အား’ တွေနဲ့
မနားမနေ ညှိနှိုင်းကြပါလို့
အမိတိုင်း နိုင်ငံတည်ထောင်ပြုလေတဲ့
ပြည်ထောင်စုရဲ့ အခြေခံဥပဒေ။

(၃)

☆ အခြေခံဥပဒေဆိုတာ ပြည်ထောင်စုအသက်ပါပဲ
တည်ထောင်ပြုတာ မပျက်မကွဲမယိုင်လဲစေဖို့
တစ်သက်မခွဲခိုင်မြဲစွာ ဖြစ်တည်ထွန်းရမယ်တဲ့
ရည်ညွှန်းကာ ဆန္ဒတရားတွေက
သံသယမပွားအောင် အကောင်အထည်ဖော်ကြလို့
အမှောင်ဖယ်ကာ အလင်းရောက်စေမယ့်
ထွင်းဖောက်တဲ့ အောင်မြေ
နောင်အရှည်ကမ္ဘာတိုင်မြဲ။

(၄)

☆ တိုင်းရင်းသား ပြည်သူအပေါင်းက
အောင်ကြောင်းဖြာငွေခရုတွေနဲ့
ဇေယျတု သဗ္ဗမင်္ဂလာရယ်လို့
အထပ်ထပ်အခါခါ ကြိုနေသည်တဲ့
ဒီမိုကရေစီလမ်းအဖွင့်ပါပဲ
စခန်းအဆင့် ညောင်နှစ်ပင်မှာတော့
(ကိုယ်စားလှယ်တွေက)အောင်မြင်စွာလှမ်းနေဆဲ။ ။

(အမျိုးသားညီလာခံကို ရည်ညွှန်းဂုဏ်ပြုသည်)

ကေတုနီလာ

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲကို ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံအခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၈

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ၊ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့တက်ရောက်ကြသည်။

ယင်းညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြမည့် အကြံပြုစာတမ်းနှင့်စပ်လျဉ်း၍ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးကြပြီး ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရုပ်နားလိုက်သည်။ **(သတင်းစဉ်)**



အီရတ်နိုင်ငံ၏ စားနပ်ရိက္ခာ အခြေအနေ
ပိုမိုဆိုးရွားလာသော လုံခြုံရေးကြောင့် အခက်တွေ့နိုင်

ဝါရှင်တန် ဇွန် ၁၇

အီရတ်နိုင်ငံ၏ စားနပ်ရိက္ခာအခြေအနေ ပိုမိုဆိုးရွားလာနေသောလုံခြုံရေးကြောင့် အခက်ကြုံတွေ့နိုင်ပြီး လာမည့်သီတင်းနှစ်ပတ်တွင် အီရတ်တို့အား အုပ်ချုပ်ရေးလွှဲပေးသည့်အခါ ပြဿနာများသည် ပိုဆိုးလာနိုင်စရာရှိသည်ဟု အမေရိကန်အရာရှိများက ကွန်ဂရက်၌ ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

တပ်ဖွဲ့ဝင်များက အရပ်သားများကို တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်လာခြင်းနှင့်အတူ လျှပ်စစ်ဓာတ်အားပေးမှု၌ အခက်အခဲများကြောင့် အီရတ်အား အမေရိကန်ကျူးကျော်ထားသော ၁၄ လသည် ထင်တိုင်းမပေါက်ခဲ့ဟု ဆိုသည်။

ဖန်တီးနိုင်

အီရတ်နိုင်ငံသည် တင်သွင်းသော ဂျုံ၊ ဆန်၊ ဟင်းချက်ဆီနှင့် အခြားအခြေခံစားကုန်များအပေါ် အကြီးအကျယ်အားထားခဲ့ရသည်။ အစားအစာဖြန့်ဝေပေးမှု နှောင့်နှေးကြန့်ကြာမှုသည် မလုံလောက်မှုကို ဖြစ်စေရုံမျှမက လူထုအတွင်း မတည်ငြိမ်မှုကိုလည်း ပိုမိုဖန်တီးနိုင်ကြောင်း နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမေရိကန်အေဂျင်စီ၏ အုပ်ချုပ်ရေးမှူး အင်ဒရူးနက်ဆီရော့စ်က ပြောကြားသည်။

နှောင့်နှေးစေ

ထို့ပြင် အမေရိကန်အရာရှိများက အီရတ်နိုင်ငံတွင် ယခုအခါ စားနပ်ရိက္ခာပစ္စည်း ရက် ၃၀ စာသာရှိကြောင်းပြောဆိုကြပြီး အောက်လွှတ်တော် ဒီမိုကရက် အမတ် ချားလ်စ်စတင်ဟွမ်က ယခုသီတင်းပတ်၌ အီရတ်နိုင်ငံ၏ ရေနံပိုက်လိုင်းများ ဖောက်ခွဲဖျက်ဆီးခံခဲ့ရရာ အစားအစာဝယ်ယူရေးအတွက် ရေနံမှရသောဝင်ငွေက အထောက်အကူပေးနေချိန်တွင် နိုင်ငံ၏အစားအစာထောက်ပံ့ရေးကို ပိုမိုနှောင့်နှေးသွားစေနိုင်ကြောင်း ပြောဆိုသည်။ **အမ်အင်အေ၊ ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်ရှိနိုင်ငံခြားကုမ္ပဏီဝန်ထမ်းများအား တိုက်ခိုက်မှုများ ပိုမိုတိုးမြင့်လာနေ

ဘဂ္ဂဒက် ဇွန် ၁၆

ဘဂ္ဂဒက်မြို့တွင် တနင်္လာနေ့ကဖြစ်ပွားခဲ့သည့် ကားဗုံးပေါက်ကွဲမှုတွင် သေဆုံးခဲ့သူ ၁၃ ဦးထဲ၌ ဂျီအီးစွမ်းအင်ကုမ္ပဏီခွဲမှ ဝန်ထမ်းသုံးဦးပါဝင်ကြောင်း ဂျီအီးက အတည်ပြုခဲ့ပြီးနောက် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျီအီး ကုမ္ပဏီက ပြောကြားခဲ့သည်။

ပျောက်ဆုံး

အီရတ်နိုင်ငံတွင် တိုက်ခိုက်ရေးသမားများသည် နိုင်ငံတကာ ကုမ္ပဏီများမှဝန်ထမ်းများကို ပစ်မှတ်ထား တိုက်ခိုက်မှုများ တိုးမြင့်လာလျက်ရှိသည်။ ယခုသီတင်းပတ်ကုန်တွင် လော့ခ်ဟိဒ်မာတင်ကုမ္ပဏီမှ ဝန်ထမ်းတစ်ဦး ပြန်ပေးဆွဲခံရပြီး ဟော်လီဘာတွန်ကုမ္ပဏီမှ ဝန်ထမ်း ၃၉ ဦး သည် တစ်နှစ်ခွဲကာလအတွင်း ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

အန္တရာယ်များ

အီရတ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄ ဘီလီယံဖိုးခန့်ရှိသော ပြန်လည်တည်ဆောက်မှုလုပ်ငန်းများကို ပင်တဂွန်က စောင့်ကြည့်ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ ဘေးအန္တရာယ်များသော ဒေသတွင်းရှိ လုပ်ငန်းတွင် ဆောင်ရွက်နေသည့် ဂျီအီးနှင့်လော့ခ်ဟိဒ်မာတင်ကုမ္ပဏီတို့က ၎င်းတို့၏ ဝန်ထမ်းများကို ၎င်းတို့တတ်နိုင်သမျှ ကာကွယ်ပေးလျက်ရှိသည်။ သို့ရာတွင် အီရတ်နိုင်ငံအခြေအနေ မတည်ငြိမ်မချင်း လုပ်ငန်းများ လုပ်ဆောင်ရခြင်းသည် အလွန်အမင်း အန္တရာယ်များကြောင်း ၎င်းတို့က ပြောကြားကြသည်။ **(စီအင်န်အင်န်)**

ဖမ်းဆီး

ဘဂ္ဂဒက်မြို့တွင် သံသယရှိသော အီရတ်တစ်ဦးအား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ဖမ်းဆီးထားသည်ကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အဘူဂါရိုပ်ရှိ အီရတ်အကျဉ်းသားများအား တိရစ္ဆာန်ကဲ့သို့ဆက်ဆံရန် ထောက်လှမ်းရေးအရာရှိက ညွှန်ကြားခဲ့ကြောင်း ကန်ဗိုလ်ချုပ်တစ်ဦးပြောကြား

လန်ဒန် ဇွန် ၁၆

အီရတ်ရှိ အဘူဂါရိုပ်အကျဉ်းထောင်အကြီးအကဲဖြစ်ခဲ့သော အမေရိကန်ဗိုလ်ချုပ်တစ်ဦးက အီရတ်အကျဉ်းသားများကို တိရစ္ဆာန်များကဲ့သို့ဆက်ဆံရန် အမေရိကန် စစ်ဘက်ထောက်လှမ်းရေးအရာရှိတစ်ဦးက မိမိအားညွှန်ကြားခဲ့ကြောင်း ဘီဘီစီသို့ ပြောကြားသည်။

အီရတ်အကျဉ်းထောင်၏ လက်ရှိအကြီးအကဲဖြစ်သော အမေရိကန်ဗိုလ်ချုပ် ဂျက်ဖရီမီလာက အီရတ်အကျဉ်းသားများသည် တိရစ္ဆာန်များနှင့်တူကြောင်း၊ သူတို့အားယုံစားမည်ဆိုလျှင် သူတို့သည် တိရစ္ဆာန်တစ်ကောင်ထက်ဆိုးပြီး သူတို့အား ထိန်းချုပ်၍ရတော့မည်မဟုတ်ကြောင်း ပြောကြားသည်ဟု အမေရိကန် ကြယ်တစ်လုံးဗိုလ်ချုပ် ဂျဲနစ်ကာပင်စကီက အင်္ဂါနေ့၌ထုတ်လွှင့်သော ဘီဘီစီတွေ့ဆုံခန်း၌ ပြောကြားခဲ့သည်။

ဓားစာခံဖြစ်ရ

ကာပင်စကီသည် အဘူဂါရိုပ်အကျဉ်းထောင်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်ချိန်တွင် အီရတ်ရှိ အမေရိကန်အကျဉ်းထောင်များ၌ စစ်ရဲတပ်ဖွဲ့၏ အကြီးအကဲတာဝန်ယူခဲ့သည်။ အခြားသူများ၏ ခိုင်းစေချက်အရ အီရတ်အကျဉ်းသားများအား မတရားနှိပ်စက်မှုတွင် မိမိသည် ဓားစာခံဖြစ်ခဲ့ရသည်ဟု သူမကပြောကြားသည်။

ဆုံးဖြတ်ခဲ့

အမေရိကန် စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးသူများက ကာပင်စကီသည် အကျဉ်းထောင်၏ လုပ်ငန်းဆောင်ရွက်မှုတွင် အာရုံစိုက်မှုအလွန်နည်းကြောင်း၊ သူမ၏တပ်ဖွဲ့ဝင်များ စည်းကမ်းလိုက်နာစေရန်အတွက် တင်းတင်းကျပ်ကျပ် မလုပ်ဆောင်ခဲ့ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ ထိုသို့ဆိုသော်လည်း ကာပင်စကီမှာ ရာထူးသာချထားခံရပြီး တစ်စုံတစ်ရာ အရေးယူခြင်းမခံရပေ။

ခိုင်းစေ

ကာပင်စကီသည် အီရတ်အကျဉ်းသားများအပေါ် ဂွမ်တာနာမိုအကျဉ်းစခန်း၌ စစ်ဆေးမေးမြန်းသည့်နည်းများသုံးခဲ့ခြင်းကို အပြစ်တင်ပြောဆိုခဲ့သည်။ အဘူဂါရိုပ်အကျဉ်းထောင်၌ စစ်ဆေးမေးမြန်းမှုများသည် မိမိ၏အမိန့်ပေးစေခိုင်းချက်အရမဟုတ်ဘဲ စစ်ဘက်ထောက်လှမ်းရေးတပ်ဖွဲ့၏ ခိုင်းစေချက်အရဖြစ်ကြောင်း ကာပင်စကီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်လုံခြုံရေးအခြေအနေ ပိုမိုတိုးတက်စေရန် ကုလဝန်ထမ်းများ ပါဝင်ဆောင်ရွက်မည်

ဘဂ္ဂဒက် ဇွန် ၁၇

အီရတ်နိုင်ငံ၌ လာမည့်နှစ် ဇန်နဝါရီလတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့ ရွေးကောက်ပွဲ ကူညီထောက်ပံ့ရေးဆိုင်ရာ အကြီးအကဲ ကရီနာဂါလီက ပြောကြားလိုက်သည်။

ဆောင်ရွက်မည်

ဆောင်ရွက်ရန် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ရွေးကောက်ပွဲအတွက် အသေးစိတ်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း လုံခြုံရေးအခြေအနေ ပိုမိုတိုးတက်မှုရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို ကုလသမဂ္ဂ ဝန်ထမ်းများ ပိုမိုပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်များမှာ စက်တင်ဘာလ၌ စာရင်းပေးသွင်းရမည်ဖြစ်ပြီး သို့မှသာ ဆန္ဒမဲပေးသူများအနေဖြင့် သိရှိရွေးချယ်နိုင်မည်ဖြစ်ကြောင်း ဂါလီက ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

အာကာသအတွင်းမှ ဥက္ကာပျံခဲ အိမ်ခေါင်မိုးထွင်းဖောက်ပြီး ကျလာ

အော့ကလန် ဇွန် ၁၇

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့ရှိ အိမ်ခေါင်မိုးကို ထွင်းဖောက်ပြီးကျလာသော ကျောက်တုံးသည် အာကာသအတွင်းမှ ဥက္ကာပျံခဲဖြစ်နိုင်သည်ဆိုခြင်းကို သုတေသီများက သဘောတူညီလိုက်ပြီဖြစ်သည်။

ယူဆ

ယခုတွေ့ရှိရသော ဥက္ကာပျံခဲသည် ၁ဒသမ ၃ ကီလိုဂရမ်လေးကာ နှစ်သက်တမ်းပေါင်း ၁၅ ဘီလျံခန့်ရှိမည်ဟု ယူဆနေကြသည်။

ဘတ်စ်ကက်ဘောလုံးအရွယ်ရှိသော အဆိုပါဥက္ကာပျံခဲသည် အာကာသအတွင်းရှိ ဂြိုဟ်တစ်ခုမှပဲ့ကျလာသော အပိုင်းအစလေးတစ်ခုသာ ဖြစ်မည်ဟုယူဆလျက်ရှိပြီး အဆိုပါကျောက်တုံး၏ ဓာတုဖွဲ့စည်းမှုများကိုသုတေသီများက လေ့လာဆန်းစစ်လျက်ရှိကြသည်။ **(စီအင်န်အင်န်)**



ဖော်လူဂျာမြို့အနီးရှိ ဆက်လာဝီယာမြို့တွင် အိမ်တစ်အိမ်အတွင်းဝင်ရောက်၍ စစ်ဆေးမေးမြန်းနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဟန်ဂေရီတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တန်း ဗုံးပေါက်ကွဲထိမှန်သဖြင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘူဒါပက် ဇွန် ၁၈

အီရတ်တွင် ဟန်ဂေရီတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တန်း ကြာသပတေးနေ့တွင် ဗုံးပေါက်ကွဲထိမှန်ခဲ့ရာ ဟန်ဂေရီတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အရပ်သားယာဉ်မောင်းတစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း ဟန်ဂေရီ ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပြောကြား

ယခုကဲ့သို့ သေဆုံးခြင်းသည် ပထမဆုံး ဖြစ်သည်ဟုဆိုသည်။ ပါလီမန်က မဆုံးဖြတ်မချင်း ဟန်ဂေရီတပ်ဖွဲ့ဝင် ၃၀၀သည် အီရတ်၌ ရှိမြဲရှိမည်ဟု သတင်းစာရှင်းလင်းပွဲ၌ ဟန်ဂေရီကာကွယ်ရေးဝန်ကြီး ဖီရင်စ်ဂျူဟော့စ်က ပြောကြားသည်။

ထိမှန်

ဟန်ဂေရီစစ်ဘက်မော်တော်ယာဉ်တန်းသည် ရေပို့ဆောင်ပေးစဉ် ဗုံးပေါက်ကွဲထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ဟန်ဂေရီ ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ အစောပိုင်း၌ ယာဉ်မောင်းမှာ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်ဟု ပြောကြားခဲ့သည်။

သေဆုံး

နိုဝင်ဘာလထဲ၌ ဟန်ဂေရီအရပ်သားတစ်ဦးသည် စစ်ဘက် စစ်ဆေးရေးစခန်းတွင် ၎င်း၏ကားကို အရှိန်မလျှော့သောကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့်သေဆုံးခဲ့ရသည်။ **အမ်အင်အေ၊ရိုက်တာ**

ကဘူးလ်မြို့ အမေရိကန်သံရုံးအနီး စစ်အခြေစိုက်စခန်း ဒုံးကျည်ကျရောက်ထိမှန်

ကဘူးလ် ဇွန် ၁၇

အာဖဂန်နစ္စတန်မြောက်ပိုင်း ကန်ဒူးမြို့၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။

ရဲတပ်ဖွဲ့မှ ပြောကြားချက်အရ အဝေးထိန်းစနစ်သုံး မြေမြှုပ်မိုင်းဖြင့် ဒေသတွင်းရှိ နေတိုးအဖွဲ့ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သံသယရှိသူ လေးဦးကို ဒေသရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်ဟု ဆိုသည်။ ပြီးခဲ့သော အင်္ဂါနေ့ညဘက်ပိုင်း၌လည်း မြို့တော်ကဘူးလ်ရှိ အမေရိကန်သံရုံးနှင့် နေတိုးဌာနချုပ်တို့အနီးရှိ စစ်အခြေစိုက်စခန်းကို ဒုံးကျည် ကျရောက်ထိမှန်ခဲ့ရာ အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

၎င်းဒုံးကျည်သည် နိုင်ငံ အနောက်မြောက်ပိုင်းမှ ပစ်ခတ်ခဲ့ဖွယ်ရှိသည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့ပြီး ယင်းတိုက်ခိုက်မှုသည် အာဖဂန်သမ္မတ ဟာမစ်ခါဇိုင်း၏ ဝါရှင်တန်သို့ သွားရောက်ဆွေးနွေးမှုကြောင့် ဖြစ်သည်ဟု ဆိုသည်။ **(စီအင်န်အင်န်)**

အီရတ် ရေနံပိုက်လိုင်းနှစ်လိုင်း ဖောက်ခွဲခံရမှု ရေနံတင်ပို့ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရ

ဒူဘိုင်း ဇွန် ၁၇

အီရတ်တောင်ပိုင်းတွင်ရှိသော ရေနံစိမ်းတင်ပို့သည့်ဆိပ်ကမ်းများသို့ ရေနံစိမ်းများပေးပို့ရာတွင် အဓိကကျသော ပိုက်လိုင်းနှစ်လိုင်း ယခုသီတင်းပတ်၌ ဖောက်ခွဲတိုက်ခိုက်ခြင်းခံခဲ့ရသဖြင့် အီရတ်နိုင်ငံ၏ ရေနံတင်ပို့မှု ရပ်ဆိုင်းသွားခဲ့ရသည်။

တစ်နေ့လျှင် ရေနံစည် ၁ ဒသမ ၆ သန်းကျော် တင်ပို့ပေးနေသော အဆိုပါ ရေနံသည် ဆိပ်ကမ်းများမှနေ၍ ရေနံများ မည်သည့်အခါ၌ ပြန်လည်စတင် တင်ပို့မည်မှာ အတိအကျမပြောနိုင်ကြောင်း အီရတ် ရေနံအရာရှိတစ်ဦးက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

မတင်ပို့နိုင်

ဘာသာရာသို့မဟုတ် ခါအယ်လ် အမ်မာယာ ရေနံတင်ပို့သည့် ဆိပ်ကမ်းမှ ရေနံများ တင်ပို့မှုမရှိကြောင်းနှင့် မည်သည့်အခါ ပြန်စမည် အတိအကျမသိကြောင်း ၎င်းက ပြောကြားသည်။

ပျက်စီး

ရေနံတင်ပို့ရေး ဆိပ်ကမ်းသို့ ရေနံများပေးပို့နေသော ပိုက်လိုင်းနှစ်လိုင်းစလုံးသည် ဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် ပျက်စီးသွားခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် မေလ ၈ရက်မှစပြီး ဒုတိယဖြစ်ပွားသောတိုက်ခိုက်မှုဖြစ်သည်။

လျော့ကျ

မေလ ၈ရက်၌ အီရတ်တောင်ပိုင်းရှိ ရေနံတင်ပို့ရေး ကွန်ရက်လုပ်ငန်း ဖောက်ခွဲဖျက်ဆီးခြင်းခံခဲ့ရရာ ပြင်ဆင်မှုမပြီးမီ ရေနံတင်ပို့မှု နှစ်ပတ်နီးပါးကြာမျှ တစ်နေ့လျှင် ရေနံစည်တစ်သန်းထိ လျော့ကျခဲ့ရသည်။ ယခုတစ်ကြိမ် ပျက်စီးမှုသည် ပိုဆိုးရွားမည့်ပုံရသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ကြည့်ရှုစရာ

ဘဂ္ဂဒက်မြို့ ကားဗုံးပေါက်ကွဲသည့်နေရာအနီးတွင် အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံ ဖောမြို့အနီး စစ်ပွဲကြောင့်ပျက်စီးခဲ့ရသော ရေနံပိုက်လိုင်းကို ပြန်လည်ပြင်ဆင်နေသော အီရတ်တို့ကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြမည်

ပေကျင်း ဇွန် ၁၇

ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် အနာဂတ်ရေရှည်အကျိုးစီးပွားအတွက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးကို တွန်းအားပေးလုပ်ဆောင်ရန် အိန္ဒိယနှင့်အတူ တရုတ်နိုင်ငံက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိနေသော အိန္ဒိယသမ္မတဟောင်း ကိုချီရယ်ရာမန်နာရာယာနန်နှင့် ဗုဒ္ဓဟူးနေ့က တွေ့ဆုံဆွေးနွေးစဉ် တရုတ် ဒုတိယဝန်ကြီးချုပ် ဟောင်ဂျူက ပြောကြားလိုက်သည်။

နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေး ဟန်ချက်ညီညီ တိုးတက်ထွန်းကားရေးကိုအရေးကြီးသည်ဟုခံယူထားသော တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အခြေခံမူကြီးငါးရပ်ကို ကနဦးလိုက်နာကျင့်သုံးခဲ့သည့် နိုင်ငံများဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများလည်းဖြစ်ကြောင်း ဟောင်ဂျူက ပြောကြားသည်။

တန်ဖိုးထား

အိန္ဒိယသမ္မတဟောင်း နာရာယာနန် ပြောကြားသော ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် ဆက်ဆံရေးကောင်းမွန်အောင် ဆောင်ရွက်ရေးအား တန်ဖိုးထားပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တိုးတက်ခဲ့

တရုတ်နိုင်ငံ ပေကျင်းမြို့တွင်ကျင်းပသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အခြေခံမူကြီးငါးရပ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့နိုင်ငံ နိုင်ငံခြားရေးရာသိပ္ပံဌာန၏ ဧည့်သည်တော်အဖြစ် တက်ရောက်လာသူလည်းဖြစ်သည့် နာရာယာနာက မကြာခင်နှစ်များအတွင်း နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးမှာ ထူးခြားစွာတိုးတက်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်အလယ်ပိုင်း၌ တိုက်ဖွန်းမုန်တိုင်းတိုက်ခတ် လူ ၁၁ ဦးသေ၊ ကိုးဦးဒဏ်ရာရ၊ သုံးဦးပျောက်ဆုံးနေ

ဟန္နိုင်း ဇွန် ၁၆

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် သောကြာနေ့ကစ၍ ချန်သူး တိုက်ဖွန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ လူ ၁၁ ဦးသေဆုံးပြီး၊ ကိုးဦးဒဏ်ရာရကာ၊ သုံးဦးပျောက်ဆုံးလျက် ရှိသည်။

အဆိုပါမုန်တိုင်းကြောင့် အိမ် ၂၈၀ ကျော်၊ စပါးနှင့်အခြားသီးနှံ ၂၈၀၀၀ ဟက်တာနှင့် ပုစွန်မွေးမြူရေးကန် ဟက်တာ ၁၇၀၀ပျက်စီးခဲ့ကြောင်း ဗီယက်နမ်နယူးစ်က တနင်္လာနေ့တွင် ဖော်ပြသည်။

ဗီယက်နမ်အလယ်ပိုင်း ပြည်နယ်နှစ်ခုဖြစ်သည့် ဘင်ဒင်နှင့် ကွမ်ညံတွင် စုစုပေါင်း ပစ္စည်းဥစ္စာတန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းဖိုးနီးပါး ဆုံးရှုံးခဲ့ရသည်။ ထို့ပြင် ကွမ်ငေးနှင့် ဒါနန် အပါအဝင် အခြားဒေသများတွင်လည်း တိုက်ဖွန်းမုန်တိုင်းဒဏ် ဆိုးဆိုးရွားရွား ခံစားခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်ကိုဆင်နွှဲသည့်စစ်ပွဲ စူးစမ်းဆင်ခြင်မှုကင်းမဲ့ ဘုရှ်၏မူဝါဒကြောင့် အမေရိကန်၏လုံခြုံရေး ပိုမိုထိခိုက်နိုင်

ဝါရှင်တန် ဇွန် ၁၇

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် အမေရိကန်ပြည်ထောင်စု၏လုံခြုံရေးကို ချည့်နဲ့စေခဲ့ပြီး စူးစမ်းဆင်ခြင်မှုကင်းမဲ့သည့် အီရတ်စစ်ပွဲကို အမေရိကန်ပြည်ထောင်စုကို ဦးဆောင်ဆင်နွှဲခဲ့သည်ဟု အငြိမ်းစားသံတမန်များနှင့် စစ်ဘက်အရာရှိများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်ကြသည်ဟု ရိုက်တာသတင်းဌာနက ယနေ့ သတင်းထုတ်ပြန်လိုက်သည်။

အမေရိကန်အစိုးရ၏ လက်ရှိမူဝါဒများသည် အမျိုးသားလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မှုနှင့် ကမ္ဘာ့ဦးဆောင်မှုကို ပေးရာတွင် အောင်မြင်မှုမရဟု မိမိတို့ယုံကြည်ကြောင်း လက်ရှိမူဝါဒများကို ပြောင်းလဲရန်လိုအပ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဘုရှ်၏ အမျိုးသားလုံခြုံရေးစံညွှန်းနှင့်ပတ်သက်၍ ဝေဖန်တိုက်ခိုက်ရာတွင် ဒီမိုကရက်အထက်လွှတ်တော် အမတ်ဂျွန်ကယ်ရီကို ယှဉ်ပြိုင်ပြီး ပြန်အရွေးခံရဖို့အတွက် ပြောဆိုခဲ့သော ဘုရှ်၏အဓိကစောဒကတက်မှုကို ၎င်းတို့က စိန်ခေါ်ခဲ့ကြောင်း အငြိမ်းစားအရာရှိကြီးများက ပြောဆိုကြသည်။

သမ္မတဘုရှ်ကို ဝေဖန်ပြစ်တင်သော အဆင့်မြင့်အမေရိကန်အရာရှိများတွင် နိုင်ငံရေးပါတီကြီးနှစ်ခုစလုံးမှ ပါတီဝင်များ၊ ဆိုဗီယက်ပြည်ထောင်စုဆိုင်ရာ သံအမတ်ကြီးဟောင်းနှစ်ဦးနှင့် အငြိမ်းစားပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ တစ်ဦးတို့ ပါဝင်သည်။

ဘုရှ်ကို ထောက်ခံမဲပေးခဲ့ကြသော အဆိုပါအရာရှိဟောင်းများက ဘုရှ်သည် အီရတ်ဆိုင်ရာ ထောက်လှမ်းရေးသတင်းကို ကျင်လည်စွာအသုံးချ ပြီးစူးစမ်းဆင်ခြင်မှုကင်းမဲ့သော အီရတ်စစ်ပွဲထဲသို့ အမေရိကန် ပြည်ထောင်စုကို တွန်းပို့ခဲ့သည်ဟု ပြောဆိုခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ ဗုံးပေါက်ကွဲမှုများက ပိုမိုဆိုးရွားနေကြောင်း ပြသလျက်ရှိ

ဘဂ္ဂဒက် ဇွန် ၁၆

အီရတ်တို့ထံ အမေရိကန်တို့ အာဏာပြန်လည် လွှဲပြောင်းပေးမည့် ယခုလ ၃၀ ရက်နေ့ မတိုင်မီ လုံခြုံရေးအခြေအနေတိုးတက်မှုရှိအောင် ဆောင်ရွက်သွားမည်ဟု အီရတ်ယာယီဝန်ကြီးချုပ်က ပြောကြားလျက်ရှိသော်လည်း ပြီးခဲ့သည့် နှစ်ရက်အတွင်း ဘဂ္ဂဒက် မြို့၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားနေကြောင်း ပြသနေဟု သိရှိရသည်။

သေဆုံးသူများထဲမှာ နိုင်ငံတကာ ကန်ထရိုက်လုပ်ငန်းရှင် အများအပြားလည်း ပါဝင်ခဲ့သည်။ ထို့အပြင် ပြီးခဲ့သောသီတင်းပတ်ကုန်ရက်များအတွင်း သေနတ်သမားများ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အီရတ်အစိုးရအရာရှိနှစ်ဦးလည်း သေဆုံးခဲ့ရသည်။

ပြောကြား

တိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး များစွာစိတ်မကောင်းဖြစ်ရကြောင်း သို့ရာတွင် အီရတ်အစိုးရသစ်ကို အဟန့်အတားဖြစ်စေမည်မဟုတ်ကြောင်း ဗုံးဖောက်ခွဲသူများကို တရားဥပဒေအရ အရေးယူသွားမှာဖြစ်ကြောင်း အီရတ်ယာယီဝန်ကြီးချုပ် အီယတ်အလာဝီက ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် လုံခြုံရေးစောင့်ကြပ်နေသော အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ်ပြောက်ကျားတစ်ဦးကို ဇွန် ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၈၃၁ ဦးရှိ

ဘဂ္ဂဒက် ဇွန် ၁၈

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ အီရတ်နိုင်ငံအား ၂၀၀၃ခုနှစ် မတ်လထဲ၌ စတင်၍ ကျူးကျော်တိုက်ခိုက်ခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်ဦးရေသည် ၂၀၀၄ခုနှစ် ဇွန်လ ၁၇ရက် ကြာသပတေးနေ့ ရောက်ချိန်တွင် ၈၃၁ဦး ရှိသွားပြီဖြစ်ပြီး ယင်းအနက် ၆၁၂ ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၁၉ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု အမေရိကန်ကာကွယ်ရေးဌာနက ကြေညာသည်။

၂၀၀၃ ခုနှစ် မေလ ၁ ရက်၌ တိုက်ပွဲပြီးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၆၉၃ဦးဖြစ်ပြီး၊ ယင်းအနက် ၅၀၃ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်၍ ၁၉၀မှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ထို့ပြင် အီရတ်၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးခဲ့ကြရာ ဗြိတိသျှ ၅၈ ဦး၊ အီတလီ ၁၈ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန်ခြောက်ဦးစီ ယူကရိန်းလေးဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦးနှင့် ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားအပြင် နယ်သာလင်တို့ တစ်ဦးစီ သေဆုံးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဘာလက်အခြေစိုက်စခန်းအနီး၌ ဒုံးကျည်ကျရောက်ပေါက်ကွဲ၊ ကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၈၀အကွာရှိ ဘာလက်မြို့ရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုကို ယမန်နေ့က ဒုံးကျည်ကျရောက်ထိမှန်ခဲ့ရာ အနည်းဆုံး အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အီရတ်၂၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ အမေရိကန်တို့ကလည်း လေကြောင်းနှင့် မြေပြင်မှ ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်ဆိုင်ရာက ပြောကြားသည်။

သေဆုံး

ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၁၀၀ အကွာ ရာမာဒီမြို့၌လည်း လမ်းဘေးကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့တစ်ဦးသေဆုံးပြီး အရပ်သားငါးဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ပါဝင်

ဆေးရုံမှ တာဝန်ရှိသူများပြောကြားချက်အရ သေဆုံးသူ ကိုးဦးတွင် နိုင်ငံခြားသား လေးဦးပါဝင်ကြောင်း သိရှိရသည်။ ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး သံသယရှိသူ ကိုးဦးကို အမေရိကန်တို့က ဖမ်းဆီးရာ အီရတ်အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့ အဖွဲ့ဝင်ခြောက်ဦး ပါဝင်သည်ဟုဆိုသည်။

(စီအင်န်အင်န်)

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပင်လယ်ရပ်ခြား ဖိလစ်ပိုင်အလုပ်သမားများ နေရပ်သို့ငွေလွှဲပြောင်းပေးမှု စံချိန်လျော့ကျ

မနီလာ ဇွန် ၁၇

ပင်လယ်ရပ်ခြား ဖိလစ်ပိုင်အလုပ်သမားများ (အိုအက်ဖ်ဒဗလျူ) ထံမှ ၂၀၀၄ခုနှစ် ဧပြီလတွင် ငွေလွှဲပြောင်းပေးမှုမှာ အမေရိကန်ဒေါ်လာ ၆၆၀ သန်းအထိရှိပြီး လွန်ခဲ့သည့်နှစ် ယင်းအချိန်ကာလက စံချိန်တင်ခဲ့သည့် ဒေါ်လာ ၆၉၉ သန်းထက် နိမ့်ကျခဲ့ကြောင်း ဗဟိုဘဏ်က ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သည်။

ဖော်ပြ

တစ်စတစ်စတိုးပွားလာသော အိုအက်ဖ်ဒဗလျူတို့၏ ပြောင်းပေးငွေ ကျဆင်းမှုမှာ နှစ်၏ပထမသုံးလအတွင်း ၄ဒသမ ၄ ရာခိုင်နှုန်းမှ ၁ဒသမ ၆ရာခိုင်နှုန်း သို့မဟုတ် ၂ဒသမ ၆ဘီလီယံအထိ ရှိကြောင်း ဗဟိုဘဏ်၏ ကြေညာချက်တစ်စောင်တွင် ဖော်ပြသည်။

ဤသည်မှာ ပင်လယ်ရပ်ခြား ဖိလစ်ပိုင်အလုပ်သမားများအနက် ငါးပုံတစ်ပုံခန့်ရှိသော ဆော်ဒီအာရေဗျက ငွေမည်းကို ငွေဖြူအဖြစ် တရားမဝင်ပြုလုပ်မှုအား ဆန့်ကျင်သော ဥပဒေကို ဧပြီလတွင် ပိုမိုတင်းကျပ်စေရေး ဆောင်ရွက်ရာတွင် လွှဲပြောင်းငွေများ လျော့ကျသွားခြင်းဖြစ်သည်ဟု ဗဟိုဘဏ်က တွက်ဆခဲ့သည်။

မည်သို့ပင်ဖြစ်စေ အိုအက်ဖ်ဒဗလျူ လွှဲပြောင်းငွေများသည် ကျောင်းများဝင်ခွင့်စာရင်းသွင်းချိန် ကာလဖြစ်သည့် မေနှင့်ဇွန်တွင် တစ်ဖန်မြင့်တက်လိမ့်မည်ဖြစ်သည်ဟု ဗဟိုဘဏ်က ခန့်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ဇိုက္ကရဲရေထိန်းတံခါး

မွန်ပြည်နယ် သထုံမြို့နယ် အောင်ကန်သာကျေးရွာ အနီး ဇိုက္ကရဲ တူးမြောင်းဘေးတွင် တည်ဆောက်ထားပြီး ၆ ပေ X၁၂ ပေ အကျယ်ရှိ ရေတံခါးပေါက် ၂၁ ပေါက်ပါရှိသော ဇိုက္ကရဲ ရေထိန်းတံခါးကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

မြေသားလမ်းသစ်

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများဆက်သွယ် သွားလာနိုင်ရန်အတွက် ညောင်ခါးရှည်–မြစ်ကျိုး–ဒိုက်ဦးမြေသားလမ်းသစ်(ဝေါအပိုင်း)ကို ဤသို့ဖောက်လုပ်ပေးထားသည်။ (ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ပါဒ၀(ပီလခတ်)ကျေးရွာတွင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် တည်ဆောက်ပေးထားသော ချောင်းကူးတံတားကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မင်းဂျမ်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ရေရရှိရေးအတွက် တွင်းတိမ်ရေပေးရေးလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့က ဤသို့ဆောင်ရွက်ပေးထားသည်။

(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)



ပြည်ပပို့ပစ္စည်းများ မြန်ဆန်စွာတင်ပို့နိုင်ရေး
ဝန်ကြီးချုပ်ရုံးဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဇွန် ၁၈

ဝန်ကြီးချုပ်ရုံးဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များလိုက်ပါပြီး ယနေ့မွန်းလွဲ ၂ နာရီတွင် အမှတ်(၂)သစ်တောထွက်ပစ္စည်း ကုန်သေတ္တာစစ်ဆေးရေးစခန်းသို့ သွားရောက်စစ်ဆေးသည်။ (အောက်ပုံ)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများက ဝန်ကြီးအားကြိုဆိုကြပြီး ယင်းစခန်းတွင် သစ်နှင့်ပတ်သက်သည့် ပို့ကုန် ကုန်သေတ္တာများ၊ သွင်းကုန် ကုန်သေတ္တာများအား အကောက်ခွန်နှင့် သစ်တောဦးစီးဌာနမှ ဖွင့်ဖောက်စစ်ဆေးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်အောင်ကျော်ကုန်သေတ္တာစစ်ဆေးရေးစခန်းသို့ရောက်ရှိလာပြီး သွင်းကုန်နှင့် ပို့ကုန် ကုန်သေတ္တာများကို ဖွင့်ဖောက်စစ်ဆေးနေခြင်း၊ ဓာတ်ရောင်ခြည်ဖြင့်ကုန်သေတ္တာများကို ဖြတ်သန်းစစ်ဆေးနေခြင်းတို့ကို စစ်ဆေးသည်။ ဝန်ကြီးသည် တာဝန်ရှိသူများအား ပြည်ပသို့တင်ပို့မည့်ပစ္စည်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာတင်ပို့နိုင်ရေး ဆောင်ရွက်ပေးကြရန်မှာကြားပြီးနောက် ဆူးလေဆိပ်ကမ်းတံတားသို့ ရောက်ရှိလာပြီး ဆိုက်ကပ်လျက်ရှိသော သင်္ဘောများပေါ်သို့ ပြည်ပတင်ပို့မည့် သစ်နှင့်ပဲများတင်ဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▼ ကျောဖုံးမှ

ညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက အမှာစကားပြောကြားပြီး တက်ရောက်သူများက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းရန် စာတမ်းပြုစုရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ၌ မိုးကြီးနိုင်

ရန်ကုန် ဇွန် ၁၈

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

ဇွန် ၁၉ ရက်နေ့ ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကျဲကျဲရွာနိုင်သည်မှအပ ကျန်ဒေသများတွင် နေရာ အနှံ့အပြားမိုးရွာပြီး၊ ကမ်းရိုးတန်းဒေသများတွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၆-၂၀၀၄

သထုံမြို့	၆ ဒသမ ၅၄ လက်မ
သံတွဲမြို့	၅ ဒသမ ၉၄ လက်မ
ဘားအံမြို့	၅ ဒသမ ၈၇ လက်မ
ဓနုဖြူမြို့	၅ ဒသမ ၈၃ လက်မ
သာယာဝတီမြို့	၅ ဒသမ ၁၂ လက်မ
မော်လမြိုင်မြို့	၄ ဒသမ ၄၅ လက်မ
မောင်တောမြို့	၄ ဒသမ ၁၃ လက်မ
ကသာမြို့	၃ ဒသမ ၉၇ လက်မ
ပုသိမ်မြို့	၃ ဒသမ ၂၇ လက်မ
ကျောက်ဖြူမြို့	၃ ဒသမ ၂၃ လက်မ
အမ်းမြို့	၃ ဒသမ ၀၃ လက်မ

မြန်မာ့ရုပ်မြင်သံကြား

၁၉-၆-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အကပဒေသာ
- ၈:၁၀ ၆။ အရေးပြိုင်ပွဲ
- ၈:၁၅ ၇။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၂:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၅၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** (အပိုင်း-၁)
- ၁၃:၃၀ ၇။ ဆင်ဖြူရှင်တံတား
- ၁၃:၄၀ ၈။ ပြည်သူ့နီတိ **"ကိုယ်ချင်းစာ"** ပြေတီဦး၊ ခင်ဇာခြည်ကျော် (ဒါရိုက်တာ-ခင်ဇော်)
- ၁၄:၁၅ ၉။ တေးဂီတအစီအစဉ်
- ၁၄:၃၀ ၁၀။ တိုင်းရင်းသားရိုးရာအက
- ၁၄:၄၅ ၁၁။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ မျိုးမျိုးကွဲကွဲ ယဉ်ကျေးမှုအက
- ၁၇:၃၀ ၇။ ရန်ကုန်တိုင်းမဟူရာရေလှောင်တမံ
- ၁၇:၄၀ ၈။ အယူတော်မင်္ဂလာစိန်မြင့်အောင် (မြင်းခြံ)ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
- ၁၈:၀၀ ၉။ တေးဂီတအစီအစဉ်
- ၁၈:၁၀ ၁၀။ ရခိုင်တို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
- ၁၈:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Discovery
- ၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၂၁)
- ၁၉:၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"နှင်းဆီနှုတ်ခမ်း"** (အပိုင်း-၁) (လူမင်း၊ စိုးမြတ်နန္ဒာ၊ စိုးမိုးကြည်)(ဒါရိုက်တာ-မျိုးထူး)
- ၂၂:၃၀ ၂၁။ Euro 2004 ဘောလုံးပွဲ **(လတ်ဗီးယားနှင့် ဂျာမနီ)**
- ၁:၁၅ ၂၂။ Euro 2004 ဘောလုံးပွဲ **(ဟော်လန်နှင့်ချက်)**

မိုးသည်းထန်နိုင်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များ၊ စာတမ်းရှင်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စူပါသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇွန် ၁၈

ရွှေထိုက်က လူငယ်ဆိုတော့ ခံစားချက် မြန်ဆန်တယ်တဲ့၊ ပရိသတ်စိတ်ဝင်စားတဲ့ စိုးမြတ်နန္ဒာရဲ့ နှလုံးသားရေးရာ၊ မိုးမြေဆုံးစေတော့ လီဟန်နီ၏ ဥရောပခရီးစဉ်၊ ကလေးတွေကချစ်သလို ကလေးတွေကိုချစ်တဲ့ အူဝဲ၊ ရာဇာနေဝင်းကန်တဲ့ ဘောလုံးပွဲ၊ မြတ်ကေသီအောင်နဲ့ သူ့ဘဝ သူ့အတွေး သူ့အနုပညာ၊ စူပါဖြစ်ခဲ့သော ကျော်သူတို့ပိုင်တဲ့မြေနဲ့ ဒါရိုက်တာ ညီညီအောင်၊ ဂရမ်မီငါးဆုရှင် ဘီယွန်စေးနိုးလ်ရဲ့ပုံရိပ်သွင်၊ ပဋိပက္ခဖြိုးကြီး၊ ကဗျာဘွဲ့မှူးနဲ့ မရိုးတဲ့သီချင်း၊ စိုင်းစိုင်းခမ်းလှိုင်ရဲ့ ရှုံးနိမ့်ခြင်း၊ ပဏာမ မြန်မာ့လက်ရွေးစင်အချို့ အကြိုက်တွေ့တဲ့ ယူရို ၂၀၀၄ ပြိုင်ပွဲဝင်ဘောလုံးအသင်းများတို့ အပါအဝင် ပုလဲဝင်း၏ စတိုင်လ်အလှရောင်စုံဓာတ်ပုံတို့ဖြင့် ပြည်တွင်းပြည်ပ ရုပ်ရှင်၊ ဂီတ၊ ယဉ်ကျေးမှုနှင့် အားကစားလောကတို့မှ စူပါများ၏ ဘဝ၊ အလှ၊ ဒဿနများကို ဖော်ပြထားသော စူပါ သတင်းဂျာနယ်ကို ဆင်တောင်ကြီးစာပေ အမှတ် ၄၁ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဇွန် ၁၈ ရက်က ရှေ့တန်းရောက်တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် တပ်မတော်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော တပ်မတော်သား လူနာများအတွက် မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် သွေးလှူရှင်များ သွေးလှူဒါန်းမှုကို တပ်မတော်ဆေးရုံကြီး တပ်မှူး(ကိုယ်စား) ကုသမှုအကူဌာနကြီးမှူး ဗိုလ်မှူးကြီးမျိုးညွန့်က ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဇွန် ၁၈ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် **Unocal Myanmar Offshore Co., Ltd.** မှ **Senior Vice President, Global Marketing, Unocal Corporation, Mr. Randy Howard** နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

● *ကျောဖုံးမှ*

အထူးသဖြင့် အမျိုးသမီးများ၏ အကျိုးနှင့် တိုင်းပြည်၏ အကျိုးတို့ကို ပူးတွဲဆောင်ရွက်နေသော လူမှုရေးအဖွဲ့အစည်းများဖြစ်ပြီး ပြည်နယ်နှင့်တိုင်း အနှံ့တွင် စနစ်တကျ ဖွဲ့စည်းထားမှုကြောင့် ကောင်းသတင်းဖြင့် ထင်ရှားလျက်ရှိနေပေပြီ။

ပြည်နယ်နှင့်တိုင်းဒေသအသီးသီးတွင် ဖွဲ့စည်းထားမှုကြောင့် ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း ရှင်သန်စေသည်၊ အချင်းချင်းရိုင်းပင်းကူညီမှုများကြောင့် ပြည်ထောင်စု တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မြဲစေခဲ့သည်။

မကြာမီကာလက ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်လေပြင်းဒဏ်သင့် တိုင်းရင်းသား တိုင်းရင်းသူတို့ကို ကူညီစောင့်ရှောက်ရန်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေသည် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဦးကြည်စိုးတို့နှင့်အတူ အဖွဲ့ဝင်များ လိုက်ပါလျက် ဇွန် ၉ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ခဲ့ကြသည်။

မိသားစုသဖွယ်

စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမတွင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက ရခိုင်ပြည်နယ်ရှိ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသူလေးများနှင့်ကြက်ခြေနီ၊အရန်မီးသတ်၊ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအစရှိသည့် လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုတွေ့ဆုံပြီး တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ အရေးကိစ္စကို မိသားစုသဖွယ် စိတ်သောကရောက်ရပြီး ရိုင်းပင်း ကူညီရန်စာနာမှုဖြင့် အားပေးပံ့ပိုးရန် လာရောက်ရခြင်းအကြောင်းတို့ကို

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ ပြည်နယ်နှင့် မြို့နယ်အဆင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

(ဓာတ်ပုံမှတ်တမ်း–သောင်းဝင်းဗိုလ်)

ရှင်းလင်းပြောကြားခဲ့ပြီး တွေ့ဆုံပွဲအပြီးတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။

ကျပ်သိန်း ၂၀ လှူဒါန်း

ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ လှူဒါန်းငွေကျပ်သိန်း ၂၀ ကို ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လှူဒါန်းသော အဝတ်အထည် စာအုပ်နှင့်စာရေးကိရိယာများကို ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ကလည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက လှူဒါန်းသော ဆေးဝါးနှင့်အဝတ်အထည်ပစ္စည်းများကို ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဦးကြည်စိုးကလည်းကောင်း လှူဒါန်းကြရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

လွန်ခဲ့သော မေ ၁၉ ရက်က တိုက်ခတ်ခဲ့သော လေပြင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရာ တိုင်းရင်းသားပြည်သူလူထုများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းအသီးသီးတို့က ကူညီမှုလှူဒါန်းမှုများ ပြုလုပ်ကြသည်။

ပြည်ထောင်စုစိတ်ဓာတ်

ထိုနည်းတူစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ အမျိုးသမီးထုကြီးကိုယ်စားဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ရခိုင်ပြည်နယ်အထိ လာရောက်လှူဒါန်းကြခြင်း၊ သတင်းမေးအားပေးကြခြင်းသည် တိုင်းရင်းသားများအတွင်း ဖြည့်ဆည်းကူညီမည်ဟူသည့် ပြည်ထောင်စု စိတ်ဓာတ်ကို ဖော်ပြခြင်းဖြစ်ကြောင်း တွေ့ မြင်ရမည်ဖြစ်သည်။

ကူညီဖြည့်ဆည်းပေး

ပြည်ထောင်စုကြီး၏ တစ်နေရာတွင် အကြောင်းကိစ္စအခက်အခဲဖြစ်ပေါ်လျှင် ကျန်ပြည်နယ်နှင့် ဒေသများက ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးခြင်းသည် ပြည်ထောင်စု စိတ်ဓာတ် ရှင်သန်ခိုင်မာကြောင်း သက်သေပြခြင်းဖြစ်သည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များသည် ပြည်နယ်နှင့်တိုင်းအနှံ့သို့ ကွင်းဆင်းသွားရောက်ကြပြီး အခက်အခဲများ၊ ပြဿနာများနှင့် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးခြင်း၊ အကြံကောင်း ဉာဏ်ကောင်းများပေးခြင်းများကိုစဉ် ဆက်မပြတ် ဆောင်ရွက်ခဲ့ကြသဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသား အချင်းချင်း ချစ်ခင်မှု၊ ယုံကြည်မှုနှင့် ရင်းနှီးမှုများ ရရှိခဲ့ခြင်းကြောင့်လည်း ပြည်ထောင်စုစိတ်ဓာတ်များ ခိုင်ကျည်မြဲမြံလာခဲ့ရခြင်းဖြစ်သည်။

ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် ကယ်ဆယ်ရေး၊ ကူညီပံ့ပိုးရေးသာမက စစ်တွေမြို့အနီးရှိ ပါရမီကျေးရွာ(ယခင် ပါဒလိတ်ကျေးရွာ)သို့ ကွင်းဆင်းသွားရောက်ကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆယ်ကျော်သက် မျိုးဆက်ပွား ကျန်းမာရေး စီမံချက်လုပ်ငန်းစဉ်အရ ဖွင့်လှစ်မည့် လူငယ်ရိပ်မြုံ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးလက်ပြည်သူလူထုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျေးလက်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ဝိုင်းဝန်းကူညီကြရန်နှင့် တည်ဆောက်ပေးသည့် လူငယ်ရိပ်မြုံကို လူငယ်များအကျိုးအတွက် ထိရောက်စွာ အသုံးပြုကြရန် ဆွေးနွေးမှာကြားမှုများသည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအပေါ် နွေးထွေးသော ချစ်ကြည်ရင်းနှီးမှုများ ဖြစ်ကြောင်း သက်သေပြလျက်ရှိပေသည်။ ။ **(မြန်မာ့အလင်း)**

သဃ်န်းကျွန်း ထွေ/အုပ် ပညာသင်ထောက်ပံ့ကြေးပေး

ရန်ကုန် ဇွန် ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲနှင့် ဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဝင်းက ထောက်ပံ့ကြေးပေးအပ်မှုနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြအောင်က ဝန်ထမ်းသားသမီး ၁၈ဦးအတွက်ပညာသင်ထောက်ပံ့ကြေး ၂၄၅၀၀ ကျပ်အား ဒုတိယဦးစီးမှူး ဦးထွဏ်းထွဏ်းအားလည်းကောင်း **(ယာပုံ)**၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဝင်းက ဝန်ထမ်းများ အတွက် ကျပ် ၁၀၅၀၀၀ တန်ဖိုးရှိ ဝတ်စုံများအား ဒုတိယဦးစီးမှူး ဒေါ်စောသွဲ့သွဲ့မြင့်အားလည်းကောင်း ပေးအပ်ကြသည်။ **(ဝ၅၂)**

သာသနာ့ဗိမာန်ရိပ်သာ(အင်းစိန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ တစ်ဦးချင်း သင်္ကန်းဒွိစုံ တစ်စုံလျှင် ကျပ် ၅၀၀၀ နှင့် စုပေါင်းလှူဒါန်းလိုသော် သင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ် ၂၀၀၀၊ သံဃာတစ်ပါး ဆွမ်းစရိတ် ကျပ် ၅၀၀၊ ထီး၊ ဖိနပ်၊ ဆေး၊ ပစ္စည်းလေးပါး စသည်တို့ကို ရိပ်သာဖုန်း–၆၄၁၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

ရန်ကုန်တိုင်းသွေးလွန်တုပ်ကွေးကာကွယ်ရေးညှိနှိုင်းဆွေးနွေး ပြည်သူများပါဝင်မှုဖြင့်စနေနေ့တိုင်း ဖုံး၊သွန်၊လဲ၊စစ်ဆောင်ရွက်မည်

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်းသွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေးညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၁၁ရက် မွန်းလွဲ ၁နာရီတွင် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(ဗဟိုငှက်ဖျား)ဒေါက်တာစောလွင်က တိုင်းအတွင်းဆောင်ရွက်ရမည့် နည်းဗျူဟာငါးရပ်ကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းငှက်ဖျားဆရာဝန်ကြီးဒေါက်တာဒေါ်ခင်မွန်မွန်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်ပြီး အလေးထားဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ ဒုတိယဌာနမှူး ဒေါက်တာအောင်သန်းက ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွင် မိမိတို့ပူးပေါင်းဆောင်ရွက်ပေးမည့် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ တက်ရောက်သည်။ ယခုအခါ ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို စီမံချက်ရေးဆွဲကာ မိသားစုဝင်များကိုယ်တိုင်ဆောင်ရွက်မည့် ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းကို ပြည်သူများပူးပေါင်းပါဝင်လျက် စေတနာ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများမှ ကြီးကြပ်ကာ စနေနေ့တိုင်း အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားမည်ဟု သိရသည်။ **(က–ပ)**

တာမွေမြို့နယ် မလွကုန်းဌေးကြွယ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က အလက(၁)ကျောင်း၌ ပညာသင်စရိတ် ထောက်ပံ့ပွဲကို ဇွန် ၁၆ ရက်က ကျင်းပရာ ကျောင်းသူတစ်ဦးအား ရပ်ကွက်ဥက္ကဋ္ဌ ဦးလှခိုင်က ထောက်ပံ့ငွေ ပေးအပ်စဉ်။ (က–ပ)

ရှေ့နောက်တာဝန်

သူငယ်ချင်းတို့ရေ–

အမျိုးသားညီလာခံကနေ စာရေးလိုက်ပါတယ်။

မကြာခင်ဝါဝင်တော့မယ်။ ဒီနှစ်ဟာ ဝါထပ်နှစ်မို့ ဒုတိယဝါဆိုလပြည့်မှာ ဒို့ရိုးရာဓလေ့အစဉ်အလာအတိုင်း ဥပုသ်သီလ ဆောက်တည်ကြသူတွေကို ဒို့ဒေသအခေါ် "သွမ်စက"ဖြစ်တဲ့ ဥပုသ်ထွက်ဆွမ်း ပြင်ဆင်ကျွေးမွေး လှူဒါန်းဖို့ စတင်စီစဉ်ကြရတော့မယ်။ နှစ်စဉ်ဝါတွင်းကာလ လပြည့်နဲ့ လကွယ်နေ့တွေတိုင်းမှာ ဒို့ခွန်ရယ်နောင်ရယ် ပအိုဝ်းလူငယ်မောင်မယ်များက စုပေါင်းပြီး "သွမ်စက"ကို နယ်မြေအလိုက် အလှည့်ကျတာဝန်ယူဆောင်ရွက်ခဲ့ကြတယ်မဟုတ်လား။ ဒီတစ်နှစ်လဲ တာဝန်ခွဲဝေပြီး ကုသိုလ်ပြုကြဦးမှာပဲလေ။ ဘယ်နယ်မြေဘယ်အပိုင်းက အရင်ကုသိုလ်ပြုမလဲ။ သူငယ်ချင်းခွန်နောင် ဒို့တစ်တွေက အခုကတည်းက ကြိုတင်ဆွေးနွေးညှိနှိုင်းပြီး သတ်မှတ်ခွဲဝေထားကြတော့နော်။

ဒီကနေ့ကာလမှာ ဒို့နိုင်ငံတော်ကြီးကို ဘက်စုံ ထောင့်စုံကနေ စည်ပင်ဖွံ့ဖြိုးတိုးတက်လာအောင် တပ်မတော်အစိုးရအနေနဲ့ အားကြိုးမာန်တက် စွမ်းဆောင်ပေးလျက်ရှိသလို တောင်ပေါ်ဒေသ ဒို့ရပ်ဒို့ရွာမှာလဲ ဒို့ဘာသာ ဒို့သာသနာကို ဒို့အစဉ်အလာ ဒို့ဓလေ့စရိုက်အတိုင်း ဖွံ့ဖြိုးဝေစည်ထွန်းကားအောင် တိုးတက်အောင် ဒို့စွမ်းဆောင်နိုင်သလောက် ကြိုးစားလာကြတာ နိုင်ငံတော်အတွက် အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ဆောင်ရွက်မှုပဲ မဟုတ်လား။

ဒို့ရွာကျောင်းမှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာတဲ့ ဥပုသ်သီလဆောက်တည်သူများထဲမှာ သက်ကြီးရွယ်အိုတွေတင်မကတော့ဘဲ အရွယ်သုံးပါးမရွေး ပါဝင်ဆောက်တည်လာနိုင်ကြတာဟာ ဒို့တိုင်းပြည် အမှန်တကယ်အေးချမ်းလာနေလို့ပဲဆိုတာ နားလည်ရတယ်။ စီးပွားရေးအဆင်ပြေမှ လုပ်ငန်းကိုင်ငန်းအောင်မြင်မှ နယ်မြေဒေသတကယ်အေးချမ်းပါမှ သီတင်းသီလကို အရွယ်သုံးပါးမရွေး သူသူ ငါငါ စိတ်လက်အေးချမ်းသာစွာ ဆောက်တည်ပွားများနိုင်ကြတာ မဟုတ်လား။

ဒို့လူငယ်မောင်မယ်တွေက တစ်အိမ်တက် တစ်အိမ်ဆင်း ဥပုသ်စက ဆွမ်းပြင်ဆင်ကျွေးမွေးလှူဒါန်းရေးအတွက် အလှူငွေစရိတ်စက ရှာဖွေစုဆောင်း ကုသိုလ်ယူခဲ့ကြတယ်လေ။ ရပ်မိရပ်ဖထဲက ဆွမ်းဒကာခံနိုင်သူက ဆွမ်းဒကာခံလို့၊ ဟင်းဒကာ၊ ခဲဖွယ်ဒကာ....စသည်ဖြင့် တတ်နိုင်ရာရာ စေတနာသဒ္ဓါတရား ထက်သန်စွာ ထည့်ဝင်လှူဒါန်းနိုင်ကြသူတွေကလဲ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့ပြီ မဟုတ်လား။ သာဓုအခါခါ ခေါ်လို့ စေတနာသုံးတန် အမြဲရှင်သန်နေကြဖို့ သတိတရနဲ့ ကြိုတင် နှိုးဆော် ရေးသားတိုက်တွန်းလိုက်ပါရစေ။

သူငယ်ချင်းတို့ရယ် ဒီတစ်နှစ်တော့ ကုသိုလ်အတူပြုဖို့ အခွင့်အရေးက ကြုံချင်မှကြုံလိမ့်မယ်။ ညောင်နှစ်ပင်စခန်းမှာ အနာဂတ်မြန်မာနိုင်ငံတော်ကြီးအတွက် အရေးကြီးလှတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးကို အမျိုးသားညီလာခံ တက်ရောက်ပြီး တစ်တပ်တစ်အား ပါဝင်ခွင့်ရခဲ့ပြီ။ **"အမျိုးသားညီလာခံသည် ကျွန်ုပ်တို့တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်"**ဆိုတဲ့စကားကို အလေးအနက်သဘောပေါက်ပြီး ကြိုးစားနေကြရတာ ဝမ်းသာဂုဏ်ယူလို့ မဆုံးဘူး။ ထို့အတူပဲ သူငယ်ချင်း၊ ဒို့တစ်တွေကလဲ အစဉ်အလာ ကောင်းမှုကုသိုလ်ကို မပျက်မကွက် ပြုလုပ်ကြ လိမ့်မယ်ဆိုတာ စိတ်ချယုံကြည်စွာ မျှော်လင့်ဂုဏ်ယူနေပါ့မယ်။

ဒို့ရပ် ဒို့ရွာမှာ ဒို့ဘာသာ ဒို့သာသနာ တိုးတက်ထွန်းကားစည်ပင်ရအောင် ဒို့မောင်မယ်တွေက တစ်တပ်တစ်အား ကြိုးစားနေကြမှာဖြစ်သလို အမျိုးသားညီလာခံကြီးမှာလဲ အတွေ့အကြုံရင့်ကျက်ပြီးဖြစ်တဲ့ နိုင်ငံသားသက်ကြီး အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ အလွှာစုံ အရွယ်စုံတို့နဲ့အတူ မျိုးဆက်သစ်လူငယ်မောင်မယ်များကလဲ တက်ညီလက်ညီနဲ့ အနာဂတ်နိုင်ငံတော်ကြီးကို ထာဝစဉ်ဖွံ့ဖြိုး တိုးတက်ပြီး အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် စွမ်းစွမ်းတမံကြိုးစားနေကြပါကြောင်း ရေးသားလိုက်ပါတယ်။ တောင်ပေါ်မြေမှ သူငယ်ချင်းများအားလုံးကို အစဉ်သတိရလျက်–

အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ

ခွန်ကျော်မြင့် (တောင်ကြီး)။

ဇွန် ၁၇ ရက်က အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းအား တရုတ် ပြည်သူ့သမ္မတနိုင်ငံ **China Metallurgical Construction (Group) Corporation (MCC)မှ President Mr. Xianghun Xu နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။**

(စက်မှု–၁)

အရိပ်ရသစ်ပင်မျိုးစုံ ပျိုးပင်များလွှဲပြောင်းပေးအပ်

ရန်ကုန် ဇွန် ၁၈

အင်းလေးကန် မိုင် ၂၀ ဝန်းကျင် သစ်တော၊ ရေမြေ၊ သားငှက်ကာကွယ်ထိန်းသိမ်းရေးစီမံချက်အရ ဆီဆိုင်မြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၀၄ ခုနှစ် သစ်ဆိပ်မှ အပါအဝင် အရိပ်ရ သစ်ပင်မျိုးစုံ ပျိုးပင်များ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို မေ ၃၀ ရက်က ဆီဆိုင်မြို့ မြကန်သာ ပျိုးဥယျာဉ် စိုက်ခင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေးက အင်းလေးကန် မိုင်၂၀ ဝန်းကျင် သစ်တော၊ ရေမြေ၊ သားငှက်များ ကာကွယ်ထိန်းသိမ်းရေး စီမံချက်နှင့်ပတ်သက်သည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးစန်းလွင်က သစ်ပင်၊ တောတောင်၊ ရေမြေ၊ ပြုန်းတီးမှုဆိုင်ရာ

ပူတာအိုမြို့မအလယ်တန်းကျောင်းသစ်ဖွင့်

ရန်ကုန် ဇွန် ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပူတာအိုမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း မြို့မအလယ်တန်းကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီကကျင်းပရာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးဆာဝမ်ဖုန်တို့က ကျောင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

ကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ပူတာအိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်စိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၅၀ခန့် တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ တောအုပ်ကြီး ဦးခွန်မောင်စိုးက သစ်ပင်ပေါက်များအား ရှင်သန်ကြီးထွားမှုရှိစေရန်အတွက် စိုက်ပျိုးမှု နည်းစနစ်များအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားပြီး သစ်ပင်ပေါက်မျိုးစုံ ပျိုးပင်တစ်သိန်းကျော်ကို ကျေးရွာများ၏ သတ်မှတ်နေရာများတွင် စိုက်ပျိုးနိုင်ရန် တာဝန်ကျ စိုက်ကြပ်အဖွဲ့ဝင်အသီးသီးသို့လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **(ဝ၄၈)**

နိုင်ငံတော်ကိုတစ်ဖက်တစ်လမ်းမှ အကျိုးပြုလျက်ရှိသော အေဝမ်းမီးဖို

ဝင်းချစ်

လောင်စာကုန်ကျမှုသက်သာသော စွမ်းအားမြင့်မီးဖိုများနှင့်သက်ဆိုင်သည့် သုတေသနလုပ်ငန်းများကို ရေဆင်းရှိသစ်တောသုတေသနဌာန(Forest Research Institute-FRI)တွင် ၁၉၈၇ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။

နောင်တွင် "အေဝမ်း"ဟု အမည်တွင်မည့် မီးဖိုအလုံးပေါင်း၅၀၀ကို ၁၉၉၂ ခုနှစ်က စမ်းသပ်ထုတ်လုပ်ခဲ့ပြီး ရေဆင်းဒေသဝန်းကျင်ရှိ ကျေးရွာများသို့ ဖြန့်ဝေခဲ့သည်။ မီးဖိုများ၏အခြေအနေကို သိရှိနိုင်ရန်အတွက် ၁၉၉၄ ခုနှစ်မတ်လက စာရင်းကောက်ယူမှုများပြုခဲ့ရာ ယခင်အသုံးပြုနေကျ ရိုးရာဖိုခုံလောက်မီးဖိုထက် ထင်းကုန်ကျမှု ၄၀ ရာခိုင်နှုန်းခန့်သက်သာကြောင်း တွေ့ရှိခဲ့ပါသည်။

ဤမီးဖိုများကို တစ်စထက်တစ်စ လူသိများလာသည်နှင့်အမျှ ဝယ်ယူအသုံးပြုလိုသူ များပြားလာခြင်းကြောင့် သစ်တောသုတေသနဌာန၌ ထုတ်လုပ်ရောင်းချရန်စီစဉ်ခဲ့ပြီး အလုပ်ရုံတစ်ရုံကို တည်ထောင်ကာ ၁၉၉၄ခုနှစ် အောက်တိုဘာလမှစတင်၍ စီးပွားဖြစ်ထုတ်လုပ်ခဲ့သည်။ ထုတ်လုပ်ရောင်းချရာတွင် မီးဖိုကို သတ်သတ်မှတ်မှတ် ခေါ်ဝေါ်နိုင်မည့် နာမည်ရှိရန် လိုအပ်သဖြင့် "အေဝမ်း" (A-1)ဟု လူအများခေါ်တွင်ရလွယ်ကူပြီး အဆင့်အတန်းအမြင့်ဆုံး (အေ–ပထမတန်း၊ ဝမ်း–အဆင့်–၁)ကို ဖော်ညွှန်းသည့်အမည်ပေးခဲ့ပါသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သည့် "ထင်းအစားအခြားလောင်စာသုံးစွဲရေးကော်မတီ"က ကြီးမှူးလျက် ပြည်သူအများ ထင်းအစားအခြားလောင်စာများကို ကျယ်ပြန့်စွာသုံးစွဲလာကြစေရန်ကြိုးပမ်းသည့်အနေဖြင့် သရုပ်ပြပွဲများကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာလမှစတင်၍ မြန်မာနိုင်ငံ တစ်ဝန်းကျင်းပခဲ့ပါသည်။ ယင်းပြပွဲများတွင် "အေဝမ်းမီးဖို" ကို သစ်တောဦးစီးဌာနပြခန်းမှ ပါဝင်ပြသခွင့် ရခဲ့သည်။

ပြပွဲများပြီးသည်နှင့်တစ်ပြိုင်တည်းမှာပင် မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များနှင့် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ကျေးရွာဘက်စုံသုံး ထင်းစိုက်ခင်း စီမံကိန်းနှင့် ကင်းတားရေဝေရေလဲစီမံကိန်းများက ၎င်းတို့နယ်မြေများရှိ ကျေးရွာလူထုသို့ ဖြန့်ဝေပေးရန် "အေဝမ်းမီးဖို" များကို ထောင်နှင့်ချီ၍ဝယ်ယူ ရန်မှာကြားခဲ့သည်။

"အေဝမ်းမီးဖို"များကို ရေဆင်းတစ်နေရာတည်း ထုတ်လုပ်နေခြင်းထက် အခြားနေရာများ၌ ထုတ်လုပ်နိုင်မည်ဆိုပါက ယခုထက်ပို၍ တွင်ကျယ်စွာ မြန်မာပြည်အဝန်း ပြန့်ပွားနိုင်ခြင်းကြောင့် "အေဝမ်းမီးဖို" ပြုလုပ်နည်းသင်တန်းများကို သစ်တောသုတေသနဌာနတွင် ဖွင့်လှစ်ပို့ချပေးခဲ့သည့်နည်းတူ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း အခါအားလျော်စွာ ပြသပေးခဲ့သည်။ ယင်းသို့ ပို့ချခဲ့သည့်အတွက် "အေဝမ်းမီးဖို"များကို ပျဉ်းမနား၊ တပ်ကုန်း၊ သာစည်၊ တောင်တွင်းကြီး၊ မင်းဘူး၊ စလင်း၊ နွားထိုးကြီး၊ ချောင်းဦး၊ ပင်းတယ၊ အင်းလေး၊ ပုသိမ် စသည့်ဒေသများတွင် ထုတ်လုပ်နိုင်ခဲ့ပြီး ၎င်းဒေသဝန်းကျင်ရှိ မြို့ရွာများတွင် ပျံ့နှံ့ခဲ့သည်။ စာရင်းကောက်ယူမှုများအရ ယခုအချိန်ထိ ဖြန့်ဝေရောင်းချပြီး "အေဝမ်းမီးဖို"



ပေါင်းမှာ ၅၅၀၀၀၀ ရှိပြီဖြစ်သည်။ မင်းဘူးရှိ ဦးအောင်ချိုဦး၏ "မြန်မာ့ကြွေထည် မြေထည်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်" တစ်ခုတည်းက မီးဖိုပေါင်း ၁၅၀၀၀၀ ကျော်ရောင်းချခဲ့ပြီး၊ လစဉ်မီးဖို ၁၀၀၀၀ ခန့် ထုတ်လုပ်လျက်ရှိကြောင်း ကြားသိရသည်။

"အေဝမ်းမီးဖို"ကို အသုံးပြုလျက်ရှိကြသော မိသားစုများသည် အောက်ဖော်ပြပါ အကျိုးကျေးဇူးများ ခံစားနေကြရပြီဖြစ်သည်–

(၁) ထင်း/လောင်စာကို လိုက်လံစုဆောင်းသုံးစွဲသူများအတွက် စုဆောင်းချိန် ယခင်ကထက် ငါးပုံနှစ်ပုံခန့် သက်သာသဖြင့် အခြားဝင်ငွေရသည့် လုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ခြင်း၊

(၂) ထင်း/လောင်စာကို ဝယ်ယူသုံးစွဲရသူများအတွက် ယခင်ကထက် ကုန်ကျငွေ ငါးပုံနှစ်ပုံခန့်သက်သာခြင်း၊

(ယခင်ကထင်းဖိုးငွေတစ်နှစ်လျှင် ကျပ်၂၀၀၀၀ကုန်ကျပါက ယခုငွေကျပ် ၁၂၀၀၀ ခန့်သာ ကုန်ကျမည်ဖြစ်သည်။ အေဝမ်းမီးဖိုအသုံးပြုသည့် မိသားစု ၅၅၀၀၀၀အနက် ထက်ဝက်ခန့်သည် ထင်းကို ဝယ်ယူ သုံးစွဲသူများဖြစ်ပါက ၎င်းတို့အတွက် တစ်နှစ်လျှင် ငွေကျပ်သန်းပေါင်း ၂၂၀၀ ခန့် သက်သာနိုင်သည်။)

(၃) မီးခိုးထွက်မှုနည်းခြင်း၊ အပူရှိန်ဟပ်မှုနည်းခြင်း၊ ချက်ပြုတ်ချိန်မြန်ခြင်း စသည်တို့ကြောင့် အိမ်ရှင်မများ အဆုတ်၊ လည်ချောင်းနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားမည့်အန္တရာယ်မှ လျော့နည်းသက်သာခြင်း၊ ပင်ပန်းမှုနည်းပြီး အချိန်ကုန်သက်သာခြင်း။

ထို့ပြင် "အေဝမ်းမီးဖို" အသုံးပြုသူ များပြားလာသည်နှင့်အမျှ နိုင်ငံတော်အတွက် ရရှိနိုင်သည့်အကျိုးကျေးဇူးများမှာ–

(၁) ထင်းသုံးစွဲမှုလျော့နည်းလာသည်နှင့်အမျှ အဖိုးတန်သစ်တောကြီးများ ပြုန်းတီးမှုကို တစ်နည်းတစ်လမ်းကာကွယ်ပေးနိုင်ခြင်း၊

(၂) ကျေးရွာလူထုအတွက် ထင်းစိုက်ခင်းများတည်ထောင်ပေးရာတွင် ရာသီဥတုပြောင်းလဲမှု၊ လူနှင့် တိရစ္ဆာန်များ၏ ဖျက်ဆီးမှုများကြောင့် ထင်းစိုက်ခင်းတစ်ဧကမှ တစ်နှစ်လျှင် ထင်းပျမ်းမျှ ၅ဒသမ ၅တန်ထွက်ရှိရန် မသေချာသော်လည်း အိမ်ထောင်စုခုနစ်စုသည် အေဝမ်းမီးဖိုခုနစ်လုံးကို အသုံးပြုခြင်းဖြင့် တစ်နှစ်လျှင် ထင်း ၅ဒသမ၆တန်ခန့် သက်သာရန်သေချာခြင်း၊ အိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင်ထင်းပျမ်းမျှနှစ်တန်ခန့် သုံးစွဲသည်။ "အေဝမ်းမီးဖို" ခုနစ်လုံး၏တန်ဖိုးသည် ကျပ်၃၅၀၀သာရှိသဖြင့် ထင်းစိုက်ခင်းတစ်ဧကတည်ထောင်ရန် ကုန်ကျမည့်ငွေ ပမာဏ၏ ထက်ဝက်ခန့်သာရှိသည်။

(၃) ထင်းလိုအပ်ချက် လျော့နည်းလာသည်နှင့်အမျှ ထင်းစိုက်ခင်းများ တည်ထောင်မှုကို လျှော့ချနိုင်သဖြင့် နိုင်ငံတော်ဘဏ္ဍာငွေသက်သာနိုင်ခြင်း၊

(၄) ထင်းစိုက်ခင်းများတည်ထောင်မှုကို လျှော့ချနိုင်သည်နှင့်အမျှ အဖိုးတန်သစ်တောစိုက်ခင်းများတိုး၍ တည်ထောင်နိုင်ခြင်း

တို့ ဖြစ်ကြသည်။

သစ်တောသုတေသနဌာနက စမ်းသပ်တီထွင် ထုတ်လုပ်ဖြန့်ဖြူးခဲ့သည့် "အေဝမ်းမီးဖို" များသည် ပြည်သူလူထုအတွက်သာမက နိုင်ငံတော်အတွက်ပါ တစ်ဖက်တစ်လမ်းမှ အကျိုးပြုနေသည်မှာ ပေါ်လွင်ထင်ရှားသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူလူထုပူးပေါင်း၍ "အေဝမ်းမီးဖို"များကို နိုင်ငံတစ်ဝန်း ယခုထက် ပိုမိုကျယ်ပြန့်စွာ အသုံးပြုကြစေရန် ဝိုင်းဝန်းကြိုးပမ်းသင့်ကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

✳ ကျောဖုံးမှ

အာလံမြို့ဟု ခေါ်တွင်ခဲ့သည်။ လွတ်လပ်ရေးရပြီး ၁၉၅၈ခုနှစ် အောက်တိုဘာ ၈ရက်မှစ၍ အာလံမြို့ကို အောင်လံမြို့ဟု ပြောင်းလဲခေါ်တွင်စေခဲ့သည်။

သရက်ခရိုင်

အောင်လံမြို့သည် မကွေးတိုင်း သရက်ခရိုင်တွင်ပါဝင်ပြီး သရက်မြို့ အထက်ငါးမိုင်အကွာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ ပြည်မြို့နှင့် မော်တော်ကားလမ်းအတိုင်း ၄၄ မိုင် ကွာဝေးကာ တောင်တွင်းကြီးမြို့နှင့် ၅၇ မိုင် ကွာဝေးသည်။ ရန်ကုန်–ပြည်–မကွေး–မန္တလေး ကားလမ်းပေါ်တွင် တည်ရှိ၍ ဆက်သွယ်သွားလာရေး ကောင်းမွန်သည်။

မိုးအသင့်အတင့်

အောင်လံမြို့သည် ဝါဂွမ်းနှင့် မြေပဲဆီစက်များတည်ရှိရာဖြစ်၍ စက်မှုလုပ်ငန်းများထွန်းကားသည်။ မြန်မာနိုင်ငံ၏ ဝါဂွမ်းကူးသန်းရောင်းဝယ်မှု၏ ဗဟိုဌာနတစ်ခုလည်း ဖြစ်သည်။ ဆီကို မြေပဲမှသာမက ဝါစေ့များကပါ ထုတ်ယူနိုင်ရာ ဝါစေ့ဆီစက်များလည်း ရှိသည်။ အောင်လံမြို့သည် မြန်မာပြည်အလယ်ပိုင်း မကွေးတိုင်းတွင်တည်ရှိ၍ မိုးအသင့်အတင့်သာရွာသောဒေသဖြစ်ရာ မိုးရေချိန် ၃၉ လက်မသာ ရရှိသည်။

မိုးအသင့်အတင့်သာရွာသော မကွေးတိုင်း အောင်လံမြို့နယ်လုံးကျွတ် ကျေးလက်ဒေသအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိမှုအထိမ်းအမှတ်ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို လွန်ခဲ့သောဇွန် ၁၄ ရက် နံနက်ပိုင်းက အောင်လံမြို့တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်း အောင်လံမြို့နယ်လုံးကျွတ် ကျေးလက်ဒေသအားလုံး သန့်ရှင်းသောသောက်သုံးရေ ရရှိမှုအထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းကပင် အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

ထို့နောက် အခမ်းအနားကို အောင်လံမြို့နယ် မြို့နယ်ခန်းမတွင် ဆက်လက်ကျင်းပရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စန်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများ တက်ရောက်ကြသည်။

ပါဝင်လှူဒါန်း

အခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းက မကွေးတိုင်းအတွင်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က နိုင်ငံတော်က ကျေးလက်ပြည်သူများအတွက် သောက်ရေသုံးရေ ဖူလုံစွာရရှိရေး ဆောင်ရွက်နေမှုများ၊ စည်ပင်သာယာရေးဦးစီးဌာနက အပူပိုင်းဒေသ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နေမှုများ၊ မြို့နယ်လုံးကျွတ် ကျေးလက်ဒေသအားလုံး သောက်သုံးရေရရှိရေးအတွက် ပြည်တွင်းပြည်ပ အလှူရှင်များက ပါဝင်လှူဒါန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဆွေက အောင်လံမြို့နယ်အတွင်း မြို့နယ်လုံးကျွတ် ကျေးလက်ဒေသအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ခဲ့မှုများ၊ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့အစည်းများက ပါဝင်ကူညီဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် ကျေးလက်ဒေသပြည်သူများကိုယ်စား ညောင်ပင်သာကျေးရွာမှ ဦးတင်အုန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

သမိုင်းတွင် ထင်ရှားခဲ့သော အောင်လံမြို့သည် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသအားလုံး သန့်ရှင်းသော သောက်သုံးရေ ဖူလုံပြည့်စုံစွာရရှိနေပြီဖြစ်ရာ ရေအတွက် ကြောင့်ကြတောင့်တစရာမလိုတော့ဘဲ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရွှင်မြူးဝမ်းသာပီတိများ ဖြာဝေနေကြပြီဖြစ်ပေတော့သည်။ ။

(မြန်မာ့အလင်း)

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၁၈

၂၀၀၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် သန်လျင်ရေတပ် တပ်နယ်အားကစားကွင်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့ရှိ ဌာနချုပ်များ၊ စစ်ရေယာဉ်စုများ၊ ပင်မတပ်များ၊ တပ်၊ စခန်း၊ ရေယာဉ်များမှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။**(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲတွင် ဘောလုံးအသင်း၁၂သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်ချီးမြှင့်

ဇွန် ၁၈ ရက်က ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားတွင် အသင်းလိုက် ပထမ တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းအား ကာကွယ်ရေး ဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ် သင်္ဘောကျင်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီး ဟန်စိန်က ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အာရှပိုက်ကျော်ခြင်း အစည်းအဝေးတက်ရန် အဖွဲ့ချုပ်ဥက္ကဋ္ဌ ထိုင်းသို့ထွက်ခွာ

ရန်ကုန် ဇွန် ၁၈

ထိုင်းနိုင်ငံ ဗန်ကောက်တွင် ကျင်းပမည့် အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ် ကွန်ကရက်အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဦးချစ်ခိုင်(ဒေင်အုပ်စု) သည် ဇွန် ၁၇ရက်နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားသည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးတင်မောင်ဝင်း(ILBC) သည် အဆိုပါအစည်းအဝေး တက်ရောက်ရန် ဇွန် ၁၇ရက် ညနေပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။ မြန်မာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအား အတွင်းရေးမှူး ဗိုလ်ကြီးမိုးသန်းအောင်(လေ)၊ တွဲဖက်အတွင်းရေးမှူးဦးမိုးဆန်းအောင်၊ အမှုဆောင် ဒုရဲမှူးကြီးကိုကိုအောင်နှင့် ဦးအောင်ကျော်ဦးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

(မြန်မာ့အလင်း)

ဒုတိယအကြိမ်အာရှပတ်လည်မြားပစ်ပြိုင်ပွဲ မြန်မာအဖွဲ့ယှဉ်ပြိုင်ရန်မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဇွန် ၁၈

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇွန် ၁၈မှ ၂၀ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်ထွန်း(အုပ်ချုပ်မှုဒါရိုက်တာ ရွှေဂုံတိုင်အထူးကုဆေးခန်း)က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး အား/ကာ)က လည်းကောင်း၊ နည်းပြအဖြစ် မစ္စတာ An Seung Bum (ကိုရီးယား)က လည်းကောင်း၊ အားကစားသမားများမှာ အသင်းလိုက် နှင့်တစ်ဦးချင်း ပြိုင်ပွဲများတွင် ကာကွယ်ရေးမှ ထွန်းလင်းအောင်နှင့် ညီညီထွန်း၊ ပြည်ထဲရေးမှဇော်မင်းထွန်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကစားသမားများအဖြစ် ပြည်ထဲရေးမှမသင်းသင်းခိုင် အပါအဝင် စုစုပေါင်းရှစ်ဦးသည် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါမြားပစ်အဖွဲ့အား မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း (ဥက္ကဋ္ဌ ACE ဆောက်လုပ်ရေးကုမ္ပဏီ) နှင့် အမှုဆောင် ဦးစသန်းဦးနှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားမောင်မယ်များ၏ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်အမှုဆောင်စည်းဝေး

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမှုဆောင် အစည်းအဝေး (၆/၂၀၀၄) ကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူဟော်ကီကွင်း၌ကျင်းပရာ မြန်မာနိုင်ငံဟော်ကီ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (ပြည်ပရေးရာ) ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ပံ့ပိုးကူညီ

ဆက်လက်၍တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးအောင်ကြည်ဝင်းက အဖွဲ့ချုပ်လက်ရွေးစင် စခန်းသွင်းမှု အခြေအနေ၊ ၂၀၀၄ ခုနှစ် အိုလံပစ်နေ့လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၉ နာရီတွင် ကျင်းပရေးတို့ကို တင်ပြပြီး အဖွဲ့ချုပ်လက်ထောက်(ပြည်ပရေးရာ)တာဝန်ခံ ဦးကျော်ဌေးသိမ်းက စခန်းသွင်းအားကစားသမားများအား ထိရောက်စွာ ပံ့ပိုးကူညီရေး ဆွေးနွေးသည်။

ယှဉ်ပြိုင်ကစားနိုင်ရေး

ထို့နောက် ဒုတိယဥက္ကဋ္ဌက အဖွဲ့ချုပ်အမှုဆောင်များ စုံညီစွာတက်ရောက်ရေး၊ ပြည်ပနိုင်ငံများသို့သွားရောက် ယှဉ်ပြိုင်ကစားနိုင်ရေးတို့ကို ဆွေးနွေးပြီး အစည်းအဝေးကို ညနေ ၆ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇွန် ၁၇ ရက်က သဃ်္ဃန်းကျွန်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၈)အတွက် ကျပ်သုံးသောင်းတန် ပင်နာဆိုနစ် ကက်ဆက်၊ အချိုရည်နှင့် ခဲတံများကို ဦးကျော်ဦး-ဒေါ်ကျင်ဌေး၊ သမီး မြတ်ပန်းချစ်(Grade-I)(A)၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဘောလုံးဒိုင်လူကြီးသင်တန်းဆင်းပွဲ အားကစားဝန်ကြီးတက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ နံနက် ၉နာရီက အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) သင်တန်းခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဒိုင်လူကြီးသင်တန်း အမှတ်စဉ်(၁/၂၀၀၄) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်း လက်မှတ်များချီးမြှင့်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံနည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ကာသင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုရစာရင်းထုတ်ပြန်

ရန်ကုန် ဇွန် ၁၈

၂၀၀၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများ၊ တေးသီချင်းများ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာနှင့်ဓာတ်ပုံပြိုင်ပွဲများကို ဖိတ်ခေါ်၍ အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များက စိစစ်ရွေးချယ်ပြီး ဆုရရှိသူများ စာရင်းကို ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပြိုင်ပွဲ

ဝတ္ထုတိုပြိုင်ပွဲတွင် ဦးဇော်မိုးကျော်(ဒီဇိုင်းဇော်ထက်၊ အာခီတက်-မန္တလေး)၏ "ဘဝအတွက် ရွေးသံလျက်"ကပထမ၊ မကေသီဦး(ကေသီဦး- မုံရွာဂျီစီစီ)၏ "မူးယစ်ဆန့်ကျင်အောင်ပွဲဆင်"က ဒုတိယ၊ မမေအိမ်စည်ဦး(ဧကရီ မေဦးကျော်)၏ "မြင့်မိုရ်ထက်က ကြယ်တစ်ပွင့်"က တတိယရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်ခင်သန်းနွဲ့(မမ)၏ "မဝေးတော့ပြီပန်းတိုင်သစ်ဆီ အားမာန်သစ်နှင့်ချီ"၊ အောင်ဘုန်းဝေ၏ "သစ္စာမဏ္ဍိုင်"၊ ဦးထွေးမောင်(ပန်းချီ) (ရေတာရှည်-မောင်ငြိမ်းငယ်) ၏ "အဖေ့ဆီကိုပို့ပေးပါ"၊ မချောရည် (မချောယဉ်-မိုးညှင်း)၏ "မူးယစ်ဆေးနှင့်ပီအေးသံဝေဂများ"နှင့် ဦးတင်လင်းအောင်(ထင်လင်းအောင်-မြို့ပြ)၏ "မှန်သရွေ့ကိုလ ဖန်စေ့စေ့ရေ"တို့ အသီးသီးရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲတွင် ဦးသိန်းဝင်း(မူဆယ်ဝေါင်းခမ်း)၏ "တကယ်ပြတ်ချင် တကယ်ဖြတ် အဟုတ်ပြတ်ပါသည်"က ပထမ၊ ဒေါ်လှသိန်း၏ "စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်"က ဒုတိယ၊ ဒေါ်သက်သက်သင်း (သက်သက်သင်း-ပညာရေး)၏ "မူးယစ်ဆန့်ကျင်အောင်ပွဲဆင်"က တတိယ ရရှိကြပြီး အထူးဆုများအဖြစ် မောင်မောင်ဝင့်ဝါ၏ "၂၀၁၄ မူးယစ်ဆေးကင်းဝေးပပျောက်စေရမည်"၊ ဒေါ်ခင်မာကြည်(ခင်ခင်ကျော်-ပညာရေး)၏ "အမျိုးသားရေးတာဝန်တို့ထမ်းရွက် မူးယစ်တိုက်ဖျက် အောင်ပွဲဆက်"၊ ဦးမြင့်သိန်း(ထွန်းနိုင်)၏ "မူးယစ်ဆေးဝါးတိုက်ဖျက်သွားပြီ စိတ်ထားကြံ့ခိုင်ပန်းတိုင်ချီတက် အောင်ပွဲဆက်"၊ မယဉ်သူသင်း(ယဉ်ငွေထား-ဥပဒေ)၏ "မူးယစ်အန္တရာယ် ပြည့်ရန်စွယ် တပ်နှင့် ပြည်သူလက်တွဲကာကွယ်"နှင့် ရဲအုပ်မောင်သန်း(မောင်သက်နှင်း-မ/ဥ)၏ "စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက်အောင်ပွဲဆက်"တို့က အသီးသီး ရရှိကြသည်။

ကဗျာပြိုင်ပွဲ

ကဗျာပြိုင်ပွဲတွင် ဦးသောင်းဝင်း(မောင်နီမှိုင်း-ကျောက်တန်း)၏ "ကြည်စင်သော အနာဂတ်မွန်မြတ်သော အောင်ပွဲ" ကဗျာက ပထမ၊ ဦးခင်မောင်ထွန်း (မင်းသွေးနွယ်-ဇီးကုန်း)၏ "ပန်းတိုင်ဆီလှမ်းပြိုင်ချီလျက် မူးယစ်ရန်စွယ် ကာကွယ်တိုက်ဖျက် အောင်ပွဲဆက်"ကဗျာက ဒုတိယ၊ စောဏ္ဏဿသက်မောင်၏ "မူးယစ်ကင်းစင် မြန်တိုင်းခွင်"ကဗျာက တတိယရရှိကြပြီး အထူးဆုများအဖြစ် ဦးကျော်ထွန်း(အဖျောက်မြေ မောင်ဆွေမွန်)၏ "ဘဝဇာတ်ခုံ အေးရိပ်မြုံ ခိုလှုံကင်းဝေးမူးယစ်ဆေး"၊ ဦးခင်မောင်မြ(ညောင်ရွှေခင်မောင်မြ)၏ "တိုင်းပြည်ရန်ဆူး မူးယစ်အန္တရာယ် ကာကွယ်တိုက်ဖျက် တွဲလက်ယှက်"၊ ဒုတိယရဲအုပ်သက်ထွန်း(မောင်မောင်သက်ထွန်း)၏ "တိမ်စင်လဝိုင်းတုနှိုင်းမရှိ"၊ ဦးရင်မောင်(မင်းနေနွယ်)၏ "မူးယစ်ဆန့်ကျင် အောင်ပွဲဆင်"နှင့် ဦးဖြူဝင်း(တမာသင်းခိုင်)၏ "အကျိုးမဖြစ် အမျိုးနှစ်မူးယစ်ဆေးဝါးအန္တရာယ်" ကဗျာတို့ အသီးသီး ရရှိကြသည်။

တေးသီချင်းပြိုင်ပွဲ

တေးသီချင်းပြိုင်ပွဲတွင် တင်မောင်လှိုင်၏ "မူးယစ်ကင်းအောင် နှိမ်နင်းစို့လေ" တေးသီချင်းက ပထမ၊ အောင်မင်းသစ်၏ "မူးယစ်ဆေးဝါး ဆန့်ကျင်ဖယ်ရှား"တေးသီချင်းက ဒုတိယ၊ ချစ်ဝေဝေကျော်၏ "မူးယစ်ဆန့်ကျင်အောင်ပွဲဆင်"တေးသီချင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် တပ်ကြပ်ကြီး ဖုန်းမြင့်၏"လူသားရန်စွယ်တို့ကာကွယ်"၊ဆုရွှက်ဝေ၏ "ကိုယ်စီလှမှ နိုင်ငံလှမည်"၊ စန်းမြင့်အောင်၏ "မူးယစ်ကင်းစင် ကမ္ဘာမြေတစ်ခွင်ဝယ်"၊ လှသောင်းဦး (သာယာဝတီ)၏ "လူသားတွေအတွက် တာဝန်ကျေ"နှင့် တင့်လွင်ဦး၏ "စိတ်ထားကြံ့ခိုင်ပန်းတိုင်ချီတက်အောင်ပွဲဆက်"တို့က အသီးသီး ရရှိကြသည်။

ပန်းချီပြိုင်ပွဲ

အသက်(၁၀)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မနီလာရွှန်းလက် အထက(၁)ဒဂုံက ပထမ၊ မောင်ကောင်းထက်ကျော် အမက(၁၈)တာမွေက ဒုတိယ၊ မနွေးရတနာထွန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး ကျောင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မမြတ်နိုးရတနာစံ အမက(၁၈)တာမွေ၊ မမေထူးမြတ်မွန် မြို့မအလကကျောက်တန်း၊ မနှင်းဝတ်ရည် အထက(၂)သဃ်္ဃန်းကျွန်း၊ မနှင်းဆီမမ အထက(၈)မန္တလေးနှင့် မမြတ်သွယ်ငြိမ်း အထက(၁)ဒဂုံတို့က အသီးသီးရရှိကြသည်။

အသက်(၁၀-၁၅)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မခင်ချမ်းမြေ့သူ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက ပထမ၊ မောင်ဇင်ကိုကို အထက(၄)အလုံက ဒုတိယ၊ မခိုင်မြတ်မျိုးထွန်းလင်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်သက်ပိုင်စိုး အထက(၆) ပုသိမ်၊ မောင်စည်သူအောင် အမက(၃၂)တာမွေ၊ မောင်ဟိန်းထက်အောင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ မမေမိုးဝါဝင်းမြင့် အထက(၂)သဃ်္ဃန်းကျွန်းနှင့် မောင်ကောင်းမြတ်ဦး အထက(၂)တာမွေတို့က အသီးသီးရရှိကြသည်။

အသက်(၁၅-၂၀)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မအေးအိစိုးစံ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်က ပထမ၊ မောင်နိုင်ထူးကျော် မြန်မာနိုင်ငံ ရေကြောင်း ပညာတက္ကသိုလ်က ဒုတိယ၊ မောင်စည်သူအောင် တတိယနှစ်(စီးပွားရေး)က တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်သန်းထိုက်အောင် အထက(၂) လှိုင်သာယာ၊ မောင်မင်းဇော်ထူး အထက(၂)လှိုင်သာယာ၊ မောင်ဟိန်းကိုကို အထက(၂)လှိုင်သာယာ၊ မပို့ပို့ကြည် နိုင်ငံခြားဘာသာ တက္ကသိုလ်နှင့် မောင်ရဲ ထွဋ်အောင် အထက(၁)ဒဂုံတို့က အသီးသီးရရှိကြသည်။

အသက်(၂၀)နှစ်အထက် ပန်းချီပြိုင်ပွဲတွင် ဦးအောင်မိုး(ရှမ်းလေး ပန်းချီ)က ပထမ၊ ပန်းချီကျော်မြင့်နိုင်က ဒုတိယ၊ မသက်ဖြူဝင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်ကျော်ဆင့်၊ မထွေးထွေးလှိုင်၊ ဦးမောင်မောင် (ကျောက်တန်း)၊ မောင်ကျော်မိုးဇော်နှင့် မောင်ဇော်ထက်တို့က အသီးသီး ရရှိကြသည်။

ကာတွန်းပြိုင်ပွဲ

အသက်(၁၀)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မထူးထက်ထက်လင်း မြို့မအလက(ကျောက်တန်း)က ပထမ၊ မသွန်းရွှေရည်ဝင်းဆု အမက(၂၄) ပုသိမ်က ဒုတိယ၊ မနီလာရွှန်းလက် အထက(၁)ဒဂုံက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းဇော်ဝင်း အထက(၄) တောင်ဥက္ကလာ၊ မောင်ထူးထက်ကျော် မြို့မအလကကျောက်တန်း၊ မမေမြတ်နိုးနွယ်(ဒေါ်ရင်ဝိုင်းမှုကြို)၊ မောင်ဟိန်းပြည့်ကိုကို အထက(၁၄) မန္တလေးနှင့် မောင်ဝေဖြိုးအောင် အထက(ခွဲ)ကဝ တို့က အသီးသီးရရှိကြသည်။

အသက်(၁၀-၁၅)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မောင်ရဲဇာနည်အောင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက ပထမ၊ မောင်ကျော်ထင် အထက(ကဝ)က ဒုတိယ၊ မောင်အာကာမျိုး အထက(၁)မန္တလေးက တတိယရရှိကြပြီး အထူးဆုများအဖြစ် မခိုင်ဇာသွင် အလက(၁)သာကေတ၊ မဆုဆုဇာ အထက(၁) ကျောက်တန်း၊ မခိုင်ဆုဝေ အထက(၂)ဒဂုံ၊ မောင်သီဟထွန်း အလ(၁)ဒဂုံ(အရှေ့)နှင့် မောင်ဇေယျာဦး အထက(၄)မရမ်းကုန်းတို့က အသီးသီးရရှိကြသည်။

အသက်(၁၅-၂၀)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မဝင့်ဖြူထွေး အထက(၂) ရန်ကင်းက ပထမ၊ မောင်အောင်မိုးဃ်းစည် အထက(၂)လှိုင်သာယာက ဒုတိယ၊ မောင်ရဲထွဋ်အောင် အထက(၁)ဒဂုံက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်အောင်ပြည့် အထက(၁)လှိုင်ကော်၊ မောင်အောင်သူရ အထက(၁) ရွှေတောင်၊ မပြည်ချစ် အထကညောင်ရွှေ၊ မောင်အောင်ကျော်သူ အထက(၂) ပုသိမ်နှင့် မမေသိမ့်ထွန်းနီ ရန်ကုန်ပန်းချီပန်းပုကျောင်းတို့က အသီးသီးရရှိကြသည်။

အသက်(၂၀)နှစ်အထက် ကာတွန်းပြိုင်ပွဲတွင် မနီလာမြင့် ရန်ကုန်မြို့တော်စည်ပင်က ပထမ၊ မောင်ရဲထွဋ်အောင်(ကျောက်တန်း)က ဒုတိယ၊ မပြည့်ပြည့်သန့် စီးပွားရေးတက္ကသိုလ်က တတိယရရှိ ကြပြီး အထူးဆုများအဖြစ် မထွေးထွေးလှိုင်၊ ရဲတပ်သားသူရ(မှော်ဘီ)၊ ဦးသိန်းထွန်း (ကာတွန်းသိန်းထွန်း)၊ မောင်မောင်စန်းလွင်(ကာတွန်းမောင်မောင်စန်းလွင်)နှင့် မောင်အောင်သူရ(ရွှေပြည်သာ)တို့က အသီးသီးရရှိကြသည်။

ပိုစတာပြိုင်ပွဲ

အသက်(၁၀)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မောင်ထူးထက်ကျော် မြို့မအလကကျောက်တန်းက ပထမ၊ မဖြိုးအိဇင် အမက(၉)တာမွေက ဒုတိယ၊ မနှင်းနွယ်နွယ်အောင် အမက(ရွှေကုန်း-ကျောက်တန်း)က တတိယရရှိကြပြီး အထူးဆုများအဖြစ် မစုလှိုင်ထွန်း အမက(၇)တာမွေ၊ မမြတ်နိုးရတနာစံ အမက(၁၈)တာမွေ၊ မမေထူးမြတ်မွန် မြို့မအလက(ကျောက်တန်း)၊ မောင်ကောင်းထက်ကျော် အမက(၁၈)တာမွေနှင့် မသွန်းရွှေရည်ဝင်းဆု အမက(၂၄)ပုသိမ်တို့က အသီးသီးရရှိကြသည်။

အသက်(၁၀-၁၅)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မောင်အာကာထွန်းဝင်း အထက(၃)စမ်းချောင်းက ပထမ၊ မပိုးအိသော် အမက(၂၃)(မူလွန်)လှိုင်က ဒုတိယ၊ မခင်ချမ်းမြေ့သူ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်သက်မိုးနိုင် အထက(၂) ကျောက်တန်း၊ မသင်ဇာလွင် အထက(၂)လသာ၊ မောင်ဟိန်းထက်အောင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ မောင်ဇင်ကိုကို အထက(၄)အလုံ နှင့် မထေက်ထက်အောင် အထက(၂)လသာတို့က အသီးသီးရရှိကြသည်။

အသက်(၁၅-၂၀)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မောင်ခါနန်းဝင်း အထက(၃)စမ်းချောင်းကပထမ၊ မောင်ဝေယံကျော်စွာဟိန်း အထက(၅)ပြည်ကဒုတိယ၊ မောင်ရဲကိုကိုအောင် အထက(၁) တာမွေကတတိယ ရရှိကြပြီး အထူးဆုများအဖြစ် မအေးအိစိုးစံ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မဟေမာန်သော်တာညိမ်း အထက(၅)ပြည်၊ မပို့ပို့ကြည် နိုင်ငံခြားဘာသာတက္ကသိုလ်၊ မဟန်နီချို (ရန်ကုန်တက္ကသိုလ်)နှင့် မဝင့်ဖြူထွေး အထက(၂)ရန်ကင်းတို့က အသီးသီးရရှိကြသည်။

အသက်(၂၀)နှစ်အထက် ပိုစတာပြိုင်ပွဲတွင် ဦးဇော်ဝင်း(ဇော်ဝင်း ငှက်ပျောသီး)က ပထမ၊ ဦးဇာနည်ထွန်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)က ဒုတိယ၊ မောင်ရဲထွဋ်အောင်(ကျောက်တန်း)က တတိယရရှိကြပြီး အထူးဆုများအဖြစ် မသဇင်စိုးမြင့်၊ မသက်ဖြူဝင်း၊ ဦးအောင်မိုး(ရှမ်းလေးပန်းချီ)၊ မောင်ကျော်ဆင့်နှင့် ဦးမောင်မောင် (ကျောက်တန်း)တို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲ

ကွန်ပျူတာပန်းချီ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ဇေတိက မောင်မောင်မြင့် အထက(၃) ပဲခူးက ပထမ၊ မသက်ပုံချစ် အလက(၁)ပုသိမ်က ဒုတိယ၊ မောင်ဉာဏ်နိုင်ထွန်း အလက(၇)မန္တလေး ချမ်းအေးသာစံက တတိယ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းမြတ်ထူး အထက(၂) စစ်တွေ၊ မောင်နိုင်အုပ်ကျော် အလက(၄)မော်လမြိုင်၊ မောင်ကျော်ထက်နောင် အလက(၁) ဒဂုံ၊ မယုဝါအောင် အထက(၁)လမ်းမတော်နှင့် မောင်မင်းသန့်ကျော် အထက(၄) တောင်ကြီးတို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီ အထက်တန်းဆင့် ပြိုင်ပွဲတွင် မရွှေရည်ဝင်း အထက(၈)မော်လမြိုင်က ပထမ၊ မသရဖူအောင် အထက(၁)လမ်းမတော်က ဒုတိယ၊ မောင်ရဲကိုကိုအောင် အထက(၁)တာမွေက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းမြတ်စည်သူ အထက(၁)တာမွေ၊ မောင်ကောင်းပြည့်ဝင်း အထက(၂) ပုသိမ်၊ မောင်ရန်နိုင်ဦး အထက(၁)မြိတ်၊ မောင်ပိုင်စိုးသူ အထက(၂) စစ်တွေနှင့် စိုင်းရွှေတင် အထက(၆)လားရှိုးတို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာဒစ်ဂျစ်တယ် ပိုစတာအလွတ်တန်းပြိုင်ပွဲတွင် မောင်စည်သူအောင် တတိယနှစ်(စီးပွားရေး)က ပထမ၊ မပို့ပို့ကြည် (နိုင်ငံခြားဘာသာတက္ကသိုလ်)က ဒုတိယ၊ မောင်ဝင်းထွဋ် တတိယနှစ်(သင်္ချာ)က တတိယရရှိကြပြီး အထူးဆုများအဖြစ် စောအိုင်လုတ်တုတ်(ပုသိမ်)၊ ရဲဝင်းထိုက် ပထမနှစ် (ကွန်ပျူတာ ကောလိပ်-လားရှိုး)၊ရဲတပ်ကြပ်စိန်လင်း (ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး)၊ မဝင်းဝင်းကျော်နှင့် မောင်မင်းသန့်(မြစ်ကြီးနား)တို့က အသီးသီးရရှိကြသည်။

ဓာတ်ပုံပြိုင်ပွဲ

ဓာတ်ပုံအလွတ်တန်းပြိုင်ပွဲတွင် အောင်ကျော်ထွန်း(ပုသိမ်ကြီး)က ပထမ၊ အောင်ထွန်းဝင်း(လမ်းမတော်)က ဒုတိယ၊ ဆန်းဦး(တိမ်လွှာ)က တတိယရရှိကြပြီး အထူးဆုများအဖြစ် အောင်ထွန်းဝင်း(လမ်းမတော်)၊ ဇီးကုန်းအေးမော်နှင့် ထွန်းနေလှိုင်(လားရှိုး)တို့က အသီးသီးရရှိကြသည်။

ပြိုင်ပွဲများတွင် ပထမ၊ဒုတိယ၊တတိယဆုရရှိသူများကိုသာ ရန်ကုန်မြို့ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ဆုချီးမြှင့်ပြီး ကျန်အထူးဆုရရှိသူများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ဆုချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ပထမ၊ဒုတိယ၊တတိယ ဆုရရှိသူများသည် ၂၀၀၄ ခုနှစ် ဇွန် ၂၄ ရက်တွင် စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့် ဗဟန်းမြို့နယ်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ် မူးယစ်ဗဟိုရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊စကားပြော ကြေးနန်းအမှတ် (၅၄၉၂၂၅)သို့ဖြစ်စေ သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အုပ်စု(ခ)မှ အင်္ဂလန်နှင့်ဆွစ်ဇာလန်ပွဲတွင် အင်္ဂလန်အတွက် တတိယဂိုးကို စတီဗင်ဂျာရတ်က ဤသို့ ကန်သွင်းယူခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

❋ ကျော်ဖုံးမှ

အိပ်ရေးပျက်သည့် ဒဏ်မခံနိုင်၍ ကြည့်ချင်လျက်နှင့် မကြည့်နိုင်ဖြစ်သွားရသည့် ပွဲများလည်းရှိသည်။

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များမပြီးပြတ်သေးဘဲ ဆက်လက်ယှဉ်ပြိုင် ကစားလျက်ရှိကြရာ အုပ်စု(က)၊ အုပ်စု(ခ)နှင့် အုပ်စု(ဂ)မှအသင်းများ နှစ်ပွဲစီ ကစားပြီးကြပြီဖြစ်သည်။

အုပ်စု(ဃ)အသင်းများ၏ ဒုတိယ မြောက်ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ဇွန်၁၉ရက်(ယနေ့) မြန်မာစံတော်ချိန် ည၁၀နာရီခွဲတွင် လတ်ဗီးယားနှင့် ဂျာမနီ၊ ဇွန်၂၀ရက် နံနက်၁နာရီ၁၅မိနစ်တွင် ဟော်လန်နှင့် ချက်တို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အုပ်စု(ဃ)တွင် ချက်ကတစ်ပွဲနိုင်(၃)မှတ်၊ ဂျာမနီနှင့်ဟော်လန်က တစ်ပွဲသရေ(၁)မှတ်စီနှင့် လတ်ဗီးယားက တစ်ပွဲရှုံးအမှတ်မရသေးပေ။

လတ်ဗီးယားနှင့်ဂျာမနီ

လတ်ဗီးယားနှင့် ဂျာမနီပွဲသည် တစ်မျိုးတစ်ဖုံ ကြည့်ကောင်းမည် ကတော့သေချာနေသည်။ ဥရောပဖလားဘောလုံးပြိုင်ပွဲတွင် ၁၉၇၂ခုနှစ်က တစ်ကြိမ်၊ ၁၉၉၆ခုနှစ်က တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ဖိုလ်စွဲထားသော ဂျာမနီအသင်းနှင့် ဥရောပဖလားဘောလုံးပြိုင်ပွဲ၌ ပထမဆုံးအကြိမ်ခြေစစ်ပွဲအောင်မြင်က ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သော လတ်ဗီးယားအသင်းတို့ကို အစဉ်အလာအရ ကြည့်လျှင် ဆင်နှင့်ဆိတ်လောက်ကွာခြားနေသည်။

ဂျာမနီအသင်း

ဂျာမနီအသင်းတွင် ကမ္ဘာ့ကျော်တိုက်စစ်မှူးများ မပါဝင်ခြင်းကြောင့် လျှော့တွက်ကြသလို ခြေစမ်းပွဲရလဒ်များကလည်း အားရဖွယ်မရှိလှပေ။ ဂျာမနီအသင်းသည် လူသိများထင်ရှားသောဘောလုံးသမားဆို၍ မိုက်ကယ်ဘောလက်၊ ကလိုဆေး၊ အိုလီဗာခမ်းနှင့် ကူရာညီတို့လောက်သာပါသည်။

သို့သော် ဂျာမနီနှင့် ဟော်လန် သရေကျသောပွဲအပြီးတွင် ဂျာမနီအသင်းကို ပရိသတ်အကြိုက်တွေ့လာပြီး ဖိုလ်စွဲနိုင်သည်ဟု ယူဆသူများ ပင်ရှိလာသည်။ ဂျာမနီအသင်းကစားပုံသည် တစ်ဦးကောင်း တစ်ယောက်ကောင်းကို အခြေမခံဘဲ အသင်းလိုက်ညီညွတ်မှုဖြင့် ပွဲအစအဆုံး ပုံပျက်မသွားအောင် ကစားတတ်သည်။ ဂျာမနီဘောလုံးသမားများ စိတ်ဓာတ်မာကျောကြံ့ခိုင်ပြီး ဘောလုံးအပေးအယူတိကျသေသပ်ကာအဝေးပေးစနစ်ကို နိုင်နိုင်နင်းနင်းကစားတတ်သည်။

လတ်ဗီးယားအသင်း

လတ်ဗီးယားအသင်းကို အသင်းငယ်လေးဟုဆိုက အိမ်ဖြည့်အဆင့်လောက်သဘောထား၍မရနိုင်ကြောင်းကို ချက်နှင့်ပွဲတွင် သက်သေပြသခဲ့ပြီးဖြစ်သည်။ ချက်အသင်း၏ တိုက်စစ်ကို ကြံ့ကြံ့ခံကာ ဦးဆောင်ဂိုးပင်သွင်းယူခဲ့ပြီး ပထမပိုင်း၌ တစ်ဂိုးအသာဖြင့်ကစားနိုင်ခဲ့သည်။ ချက်အသင်းက ချေပဂိုးကိုပွဲချိန် ၇၃ မိနစ်ရောက်မှသာ သွင်းယူနိုင်ခဲ့သည်ကိုကြည့်လျှင် လတ်ဗီးယားနောက်တန်းမည်မျှမာကျောသည်ကိုသိနိုင်သည်။

ယှဉ်နိုင်မည်မထင်

ဂျာမနီအသင်းသည် တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ကစားတတ်သောအသင်းမဟုတ်သလို ပြိုင်ဘက်အသင်းက မည်မျှဖိကစားထားသည်ဖြစ်စေ တုန်လှုပ်ချောက်ချားတတ်သူများ မဟုတ်ကြပေ။ မိမိတို့ကစားကွက်အတိုင်း တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရှိဖြင့် နည်းဗျူဟာကျကျ ကစားမည်ဖြစ်သည်။ လတ်ဗီးယားအနေဖြင့် အသင်းကြီးများကို နိုင်လောက်သည့် ခြေစွမ်းရှိသည် ဆိုစေဦးတော့၊ ဂျာမနီကို ပခုံးချင်းယှဉ်နိုင်မည်မထင်ပေ။ သို့သော် ဂျာမနီအသင်း၏ ဂိုးသွင်းစွမ်းရည်ကို အားရလှသည်မဟုတ်ရာ စာရေးသူအနေဖြင့် ဂျာမနီအသင်း ဂိုးပြတ်နိုင်စရာအကြောင်းမရှိဟု တွေးထင်နေမိသည်။

ဟော်လန်နှင့်ချက်

အုပ်စု(ဃ)ကို မရဏအုပ်စုဟု တင်စားခဲ့ကြသည်မှာ ဟော်လန်၊ ချက်နှင့် ဂျာမနီတို့ ပါဝင်နေခြင်းကြောင့်ဖြစ်သည်။ မရဏအုပ်စုဟုတင်စားရလောက်အောင်လည်း သုံးသင်းစလုံး သမိုင်းကြောင်း ကိုယ်စီရှိခဲ့ကြသလို ခြေစွမ်းလည်း အမှန်တကယ်ထက်ကြသည်။ ထူးခြားသည်မှာ ချက်အသင်းသည် ဂျာမနီလောက် အစဉ်အလာမကြီးမားသော်လည်း ယူရို ၂၀၀၄ ပွဲတွင် ချက်ကို ဂျာမနီထက် ကြိုက်သူများရှိနေသည်။

အုပ်စု(ဃ)တွင် ချက်၊ ဂျာမနီနှင့် ဟော်လန်တို့ သုံးသင်းအနက် အုပ်စုတက်မည့်နှစ်သင်း မည်သူဆိုသည်မှာ ယခုဒုတိယအကြိမ်မြောက်ပွဲစဉ်များအပြီးတွင် ခပ်ရေးရေးပေါ်လာနိုင်သည်။ ချက်က လတ်ဗီးယားကို နိုင်၍ သုံးမှတ်ရထားပြီဆိုသော်လည်း အဆိုပါ (၃)မှတ်ကို ဂျာမနီနှင့်ဟော်လန်တို့လည်း ရနိုင်သည်ကို ထည့်တွက်ရမည်ဖြစ်သည်။ မည်သူက လတ်ဗီးယားကို ဂိုးများများသွင်းနိုင်မည်က အခရာကျနေသည်။ ဟော်လန်နှင့် ဂျာမနီ သရေကျသွားသည်မှာ ချက်အတွက်ကောင်းသော အနေအထားမဟုတ်ပေ။ ချက်အသင်း၏ခြေမှာ ဟော်လန်ကို ယှဉ်နိုင်သလို ဂျာမနီကိုလည်း မမှုလောက်သည့် အနေအထား၌ရှိသည်။

ဟော်လန်အသင်း

လိမ္မော်ရောင်ပိုင်ရှင် ဟော်လန်အသင်းတွင် ကမ္ဘာ့ကျော်ဘောလုံးသမားများ၊ ပရိသတ်အချစ်တော်ဘောလုံးသမားများ ပါဝင်နေ၍ ဖိုလ်စွဲနိုင်သည်ဟု ရေပန်းစားသလို ပရိသတ်၏စောင့်ကြည့်ခြင်းကို အများဆုံးခံရသည်။

ဂျာမနီနှင့်ပွဲတွင် ဟော်လန်ရသောဂိုးမှာ နစ္စတယ်ရွိုင်း တော်သောကြောင့်ရခြင်းဖြစ်ပြီး ဟော်လန်နည်းပြကိုယ်တိုင် ချီးကျူး စကားပြောခဲ့သည်။ နစ္စတယ်ရွိုင်းကို အချို့က ကောက်စားဟုဆိုကြရာ ယခုဂိုးမှာ ကောက်စား၍ ရခြင်းမဟုတ်ပေ။ ကမ္ဘာ့ကျော်တိုက်စစ်မှူးများအနက် နစ္စတယ်ရွိုင်းသည် ပယ်နယ်တီဧရိယာအတွင်း ကြံသလိုဂိုးသွင်းယူနိုင်စွမ်းရှိသော(Box Player) ဖြစ်သည်ကို ဂျာမနီနှင့်ပွဲတွင်သက်သေပြသွားသည်။

ဟော်လန်ကိုပိုကြိုက်

ဟော်လန်နှင့်ချက်ပွဲအပေါ် ပွဲကြိုခန့်မှန်းချက်ထုတ်ရမည်မှာ တွက်ရခက်သော သင်္ချာတစ်ပုဒ်လို ဖြစ်နေသည်။ ဟော်လန်နှင့် ဂျာမနီပွဲတွင် မဝံ့မရဲ နှင့် ဟော်လန်ကိုအသာပေးပြီး ခန့်မှန်းခဲ့ရာ သရေကျသွား၍ မချိတင်ကဲ ဖြစ်ခဲ့ရသည်။ ပြင်သစ်နှင့် ခရိအေးရှားတွင်လည်း ပြင်သစ်နိုင်မည်ထင်ထားသည့် ကြားက သရေကျခဲ့ပြန်သည်။

မည်သို့ပင်ဖြစ်စေ ပွဲကြိုခန့်မှန်းချက်ဆိုသည်မှာ ဘောလုံးဝါသနာရှင်များအဖို့ လွဲကာမှလွဲရော မဖတ်ဘဲမနေနိုင်သည့် ဆောင်းပါးမျိုးဖြစ်သည်။ မည်မျှပင် ယထာဘူတကျကျ ခန့်မှန်းချက်ထုတ်သည်ဟုဆိုဆို အသင်းစွဲစိတ်ကလေးဖြင့် ချိန်ခွင်လျှာကို မိမိကြိုက်သောအသင်းဖက်သို့ အသာပေးမိလေ့ရှိသည်။ စာရေးသူအနေဖြင့် ဟော်လန်က ချက်ကို အနိုင်ယူပြီး ပွဲကြည့်စင်များပေါ်၌ လိမ္မော်ရောင်လှိုင်းလုံးကြီးများ ထနေမည်ကို မြင်ယောင်နေမိပါသည်။ ။

(မြန်မာ့အလင်း)

တိုက်စစ်မှူးဝိန်းရူနီက အင်္ဂလန်အိပ်မက်ကိုအသက်သွင်းပေး ထရက်ဇီဂေးက ပြင်သစ်အတွက်အဖိုးတန်တစ်မှတ်ရရှိစေခဲ့

ရန်ကုန် ဇွန် ၁၈

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ(Euro 2004)ကို ပေါ်တူဂီနိုင်ငံ၌ ကျင်းပလျက်ရှိရာ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။ ဇွန် ၁၇ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် အုပ်စု(ခ)မှ ဆွစ်ဇာလန်နှင့် အင်္ဂလန်တို့ ယှဉ်ပြိုင်ကစားရာ အင်္ဂလန်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဇွန် ၁၈ ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅ မိနစ်တွင် အုပ်စု(ခ)မှ ခရိအေးရှားနှင့် ပြင်သစ်တို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှစ်ဂိုးစီ သရေပွဲ ဖြစ်သွားသည်။

ဆွစ်ဇာလန်နှင့်အင်္ဂလန်

အုပ်စု(ခ)မှ ဆွစ်ဇာလန်နှင့် အင်္ဂလန်ပွဲစဉ်ကို ကွမ်ဘရာစီးတီးရှိ Estadio Cidade de Coimbra ကွင်း၌ ယှဉ်ပြိုင်ကစားရာ ပွဲကြည့်ပရိသတ် ၃၀၀၀၀ လာရောက်ကြည့်ရှုခဲ့ကြသည်။ အင်္ဂလန်အသင်းသည် ပွဲဦးထွက်၌ ပြင်သစ်ကို အနိုင်ရလုနီးနီးဖြစ်ခဲ့ပြီးမှ ရှုံးခဲ့ရသဖြင့် ယခုပွဲတွင် ခြေကုန်ထုတ်ပြီး ခြေစွမ်းပြအနိုင်ယူခဲ့သည်။ ပွဲအစပိုင်း ၁၀ မိနစ်ခန့်သာ အင်္ဂလန်အသင်း အထိုင်မကျသေး၍ ဆွစ်ဇာလန်တို့ ထိုးဖောက်ဂိုးသွင်းခွင့်ရခဲ့သော်လည်း အင်္ဂလန်အတွက် ဝိန်းရူနီက အဖွင့်ဂိုးသွင်းယူပြီး နောက်ပိုင်းတွင် အင်္ဂလန်အသင်းက ပွဲကိုထိန်းချုပ် ကစားသွားနိုင်ခဲ့သည်။

အဖွင့်ဂိုးရ

ပွဲချိန် ၁၅ မိနစ်နောက်ပိုင်းတွင် အင်္ဂလန်အသင်းကစားကွက် တည်ငြိမ်လာပြီး ဘောလုံးကို ထိန်းကာအပေးအယူလုပ်ကစားလာမှ တွဲလုံးများဖြင့် ထိုးဖောက်နိုင်ခဲ့သည်။ အင်္ဂလန်အတွက် အဖွင့်ဂိုးကို ပွဲစပြီး ၂၃မိနစ်အကြာတွင် လူငယ်တိုက်စစ်မှူး ဝိန်းရူနီက မိုက်ကယ်အိုဝင် အနေတော်တင်ပေးသည့် ဘောလုံးကို လှလှပပ ခေါင်းတိုက်သွင်းယူခဲ့သည်။ ဝိန်းရူနီသည် ယခုကဲ့သို့ ဂိုးသွင်းယူနိုင်မှုကြောင့် ဥရောပဖလား ဘောလုံးပြိုင်ပွဲများ၌ အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်သွားသည်။

ဒုတိယဂိုး

အိုဝင်ဟားဂရေ့စ်ဝင်လာပြီးနောက် ကွင်းလယ်မှ မွှေနှောက်ကစားရာ ဆွစ်ဇာလန်နောက်တန်းပို၍ ခက်ခက်ခဲခဲဖျက်ထုတ်နေရသည်။ နည်းပြ အဲရစ်ဆင်က ဆက်တိုက်ဆိုသလို မိုက်ကယ်အိုဝင်အစား ဗက်ဆဲလ်ကို လူစားလဲပြီး ကွင်းထဲထည့်လိုက်ရာ ဗက်ဆဲလ်ဝင်လာလာချင်း မွှေနှောက်ကစား၍ ကွက်လပ်များပေါ်လာသည်။ ပွဲချိန် ၇၅မိနစ်တွင် အိုဝင်ဟားဂရေ့စ် ကွင်းလယ်မှ ဆွစ်ဇာလန်ဂိုးဧရိယာအစပ်သို့ အမြောက်ချပေးရာ တိုက်စစ်မှူးဗက်ဆဲလ်က နောက်တန်းလူနှစ်ယောက်ကပ်ထားသည့်ကြားမှ ဘောလုံးကိုထိန်းပြီး ဝိန်းရူနီပြေးလမ်းထဲထည့်ပေးလိုက်သည်။ ဝိန်းရူနီက ဆွဲယူသွားပြီး ဆွစ်ဇာလန်ဂိုးသမား ဂျော့ချ်စတီးလ် ပိတ်ထားသည့်ထောင့်ကျဉ်းသို့ ကန်သွင်းယူလိုက်၍ ဒုတိယဂိုး ရရှိသွားသည်။

ပွဲချိန် ၈၂ မိနစ်တွင် စတီဗင်ဂျာရတ်က ဒေးဗစ်ဘက်ခမ်းဆီသို့ အဝေးဘောကန်ပို့ပေးလိုက်ရာ ဒေးဗစ်ဘက်ခမ်းက ရှေ့ဆက်ဆွဲသွားပြီး နောက်မှပြေးလိုက်လာသော နောက်တန်းလူ ဂယ်ရီနဗီးလ်အား ထိုးပေးလိုက်သည်။ ဂယ်ရီနဗီးလ်က ပယ်နယ်တီ ဧရိယာအတွင်း ဆွဲဝင်သွားပြီး ဂိုးရှေ့သို့ဖြတ်ပေးရာ စတီဗင်ဂျာရတ် ပြေးဝင်ကန်သွင်းသဖြင့် တတိယဂိုး ရရှိသွားသည်။ မန်ယူကစားကွက်ဖြင့် ရသောဂိုးဟု ဆိုနိုင်သည်။

သူတို့ပါဝင်

အင်္ဂလန်အသင်းတွင်**(ဂိုး)** ဒေးဗစ်ဂျိမ်း၊**(နောက်တန်း)**အက်ရှလေကိုးလ်၊ ဆိုးကမ်းဘဲလ်၊ ဂယ်ရီနဗီးလ်၊ ဂျွန်တယ်ရီ၊**(အလယ်တန်း)**ပေါလ်စခိုး (အိုဝင်ဟားဂရေ့စ်)၊ ဒေးဗစ်ဘက်ခမ်း၊ စတီဗင်ဂျာရတ်၊ ဖရန့်လမ်းပတ်၊ **(ရှေ့တန်း)**ဝိန်းရူနီ(ကီယွန်ဒိုင်ယာ)၊ မိုက်ကယ်အိုဝင်(ဗက်ဆဲလ်)တို့ ပါဝင်ကစားခဲ့ကြသည်။ အင်္ဂလန်အသင်းမှ ဝိန်းရူနီ အဝါကတ်ပြခံရသည်။ ဆွစ်ဇာလန်အသင်းမှ ဆီလက်တီနီက အဝါကတ်နှင့် ဘန့်ဟတ်စ်က နှစ်ဝါ အနီကတ်ပြခံရသည်။

ခရိအေးရှားနှင့်ပြင်သစ်

အုပ်စု(ခ)မှ ခရိအေးရှားနှင့် ပြင်သစ်ပွဲစဉ်ကို လိုင်ရီယာစီးတီးရှိ Estadio Dr Magathaes Pessoa ကွင်း၌ ယှဉ်ပြိုင်ကစားရာ ပွဲကြည့်ပရိသတ်၃၀၀၀၀လာရောက် အားပေးကြည့်ရှုခဲ့ကြသည်။ လက်ရှိချန်ပီယံ ပြင်သစ် အနိုင်ရသင့်သောပွဲဟုဆိုသော်လည်း ခရိအေးရှားရသော ဂိုးများမှာ ထိုက်ထိုက်တန်တန် ရရှိသွားခြင်းဖြစ်၍ နှစ်သင်းစလုံးအတွက် ကျေနပ်သင့်သည့် အဖြေပင်ဖြစ်သည်။

ပြင်သစ်အသင်းအတွက် ပထမဂိုးကို ပွဲစပြီး ၂၃ မိနစ်အကြာတွင် ခရိအေးရှား ဂိုးဧရိယာအပြင်ဘက်၌ ရရှိသော အလွတ်တည်ကန်ဘောကို ဇီဒန်းဂိုးရှေ့သို့ကန်ပို့ရာ ခရိအေးရှားနောက်တန်းလူ အိုင်ဂေါ်တူဒေါ ဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ်သွင်းမိ၍ ရရှိသွားသည်။

ခရိအေးရှားအတွက် ပထမဂိုးကို ၄၈ မိနစ်တွင် ပြင်သစ်နောက်ခံလူ ဆီဗက်စတာကြောင့် ပေးရသော ပယ်နယ်တီပြစ်ဒဏ်ဘောကို ရက်ပစ်က ကန်သွင်းယူခြင်း ဖြစ်သည်။ ဒုတိယဂိုးကို ပွဲချိန် ၅၂ မိနစ်တွင် ပြင်သစ်ဂိုးဧရိယာ အတွင်း နောက်တန်းလူတစ်ဦးကာနေ သည့်ကြားမှ ဒါတိုပါဆိုက အမြောက်ကျလာသည့် ဘောလုံးကို ညာခြေဖြင့် ထိန်းပြီး ဘယ်ခြေဖြင့် ကန်သွင်းယူခြင်းဖြစ်သည်။

ပွဲချိန် ၆၄ မိနစ်တွင် ခရိအေးရှားနောက်တန်းလူ အိုင်ဂေါ်တူဒေါက ဂိုးသမားဆီသို့ နောက်ပြန်ပေးရာ ဂိုးသမားဆီမရောက်ခင် ထရက်ဇီဂေး ပြေးလိုက်သွားပြီး ဂိုးသမား မမီမကမ်းဖြစ်နေသည့်ကြားမှ ဘောလုံးကိုဝင်လုဆွဲယူကာ ကန်သွင်းယူခဲ့သည်။

ထရက်ဇီဂေး၏ ဂိုးကြောင့် ပွဲအပြီးတွင် နှစ်ဂိုးစီသရေကျသွားရာ ပြင်သစ်အသင်းအတွက် အဖိုးတန်တစ်မှတ်ဟု ဆိုရပေမည်။ ခရိအေးရှားအသင်းသည် အုပ်စုနောက်ဆုံးပွဲ၌ အင်္ဂလန်ကို အနိုင်ရမှသာ အုပ်စုတက်နိုင်မည်ဖြစ်ရာ မသေချာမရေရာဖြစ်သွားရသည်။

ပါဝင်ကစား

ပြင်သစ်အသင်းတွင် **(ဂိုး)** ဘားသက်ဇ်၊ **(နောက်တန်း)** ဒက်ဆယ်လီ၊ ဂါးလ်လက်စ်(ဝီလီဆစ်ဂနော)၊ ဆီဗက်စတာ၊ သူရမ်၊ **(အလယ်တန်း)** ဒါကုတ်(ပင်ဒရာတီ)၊ ဗီယာရာ၊ ဇီဒန်း၊ ဝီးလ်တော့ဒ် (ပီရက်စ်)၊ **(ရှေ့တန်း)** ထရက်ဇီဂေးနှင့် အွန်နရီတို့ ပါဝင်ကစားခဲ့ကြသည်။ ပြင်သစ်မှ ဗီယာရာနှင့် ဒါကုတ်တို့ အဝါကတ် ပြခံရပြီး ခရိအေးရှားမှ အိုင်ဂေါ်တူဒေါ၊ ရော့စ်ဆို၊ ကိုဗစ်နှင့် လီကို တို့ အဝါကတ်ပြခံရသည်။

(မြန်မာ့အလင်း)

အုပ်စု(ခ)မှ ခရိအေးရှားနှင့် ပြင်သစ်ပွဲတွင် ခရိအေးရှားအတွက် ဒုတိယဂိုးကို တိုက်စစ်မှူး ဒါတိုပါဆိုက သွင်းယူလိုက်ပြီးနောက် ဤသို့ အောင်ပွဲခံပျော်မြူးခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

■ အုပ်စု(ခ) ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ပြင်သစ်	၂	၁	၁	–	၄	၃	၄
၂	အင်္ဂလန်	၂	၁	–	၁	၄	၂	၃
၃	ခရိအေးရှား	၂	–	၂	–	၂	၂	၂
၄	ဆွစ်ဇာလန်	၂	–	၁	၁	၀	၃	၁

19-6 (13).p65 1 03/24/1905, 9:36 AM

ခုခံအားကျဆင်းမှုကူးစက်ရောဂါ ပညာပေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ကျန်းမာရေးဦးစီးဌာနမှ ကျင်းပသည့် ကျောင်းများတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ပညာပေးလုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၄ရက် မွန်းလွဲ၁နာရီက လားရှိုးမိုတယ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန ရုံးချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ် ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာဦးလှမြင့်နှင့် တာဝန်ရှိသူများ၊ ပြည်နယ် ခုခံအားကျဆင်းမှုတိုက်ဖျက်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ အသင်းဝင်များ၊ ပညာရေးဌာနမှ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဆရာဆရာမများတက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက အဖွင့်အမှာစကားပြောကြားသည်။ ပြည်နယ် ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာဦးလှမြင့်က အလုပ်ရုံဆွေးနွေးပွဲ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်သက်သက်ဇင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်ဥမ္မာဇံတို့က ခုခံအားကျဆင်းမှုရောဂါအကြောင်းကို အသေးစိတ် ရှင်းလင်းဆွေးနွေးကြသည်။ **(မြန်မာ့အလင်း)**

နှစ်ထပ်သိမ်ဆောက်ရန်အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (စျ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်ရှိ သီလဝိသော ခနီသိမ်တော်ကြီး နှစ်ထပ်ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇွန်၁၆ ရက်က ယင်းကျောင်း၌ ကျင်းပသည်။

သိမ်တော်ကြီးကို နှစ်ထပ်သိမ်တော်ကြီးအဖြစ် အသစ်ပြန်လည်တည်ဆောက်ရန်အတွက် တည်ဆောက်ရေးအဖွဲ့ ဦးဆောင် နာယက မြို့နယ်သံဃနာယကအဖွဲ့ဝင် ရတနာဇေယျကျောင်းဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာဗုဒ္ဓိအား အလှူရှင် ၄၅ဦးတို့က အလှူငွေကျပ် ၂၈၉၈၃၅၀ ကို ဆက်ကပ်လှူဒါန်းကြသည်။ သိမ်တော်ကြီးနှစ်ထပ်ဆောင် ဆောက်လုပ်ရန် လှူဒါန်းလိုသူများ ဂန္ဓာရုံကျောင်းဆရာတော် ဘဒ္ဒန္တခေမိန္ဒ ဖုန်း- ၆၉၉၃၀၆၊ ရတနာဇေယျကျောင်းဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ ဖုန်း- ၆၉၀၁၂၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၁၈

ရန်ကုန်ဂေါက်ကွင်း(တည်င်းကုန်း)တွင် ဇွန် ၁၆ရက် မွန်းလွဲ ၁နာရီ ၄၅ မိနစ်တွင် ကစားဖော်များဖြစ်ကြသော ဒေါက်တာစိုးမိုးသက် (Shwe Than Lwin Fishing)၊ ဦးဝဏ္ဏအောင် (Hitachi)၊ ဦးကောင်းမြတ်လွင်တို့နှင့် အတူကစားကြရာ ဦးမိုးဇော်သည် ကျင်းအမှတ်(၄)၊ ကိုက် ၁၄၀ အကွာမှ Titleist No.2 ဘောလုံးကို Taylarmade No.7. Racတုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။

(မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာနတွင်အသုံးပြုရန်လိုအပ်သော ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ သတင်းစာစက္ကူများကို ဝယ်ယူလိုပါသည်။

(က) သတင်းစာစက္ကူ (48.8 Gsm) ($28^1/_4$"/ 34"/ 40" Width)	တန်	၁၄၀၀
(ခ) သတင်းစာစက္ကူ (48.8 Gsm) (30" Width)	တန်	၁၈၀၀
(ဂ) သတင်းစာစက္ကူ (48.8 Gsm) (34" Width)	တန်	၁၃၅

၂။ တင်ဒါပေးသွင်းမှုကို ၃၀-၆-၂၀၀၄ရက် ၁၆း၃၀နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒုပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်း တရားရုံး
၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် -၃၀၈

လွင်နှင့်စွမ်းကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား ဥက္ကဋ္ဌ ဦးတင့်လွင်)	ပစ်တိုင်းထောင်(ဒဂုံ)အင်ဒတ်(စ်)စတီရယ် ကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား မန်နေးဂျင်းဒါရိုက်တာ ဦးတင်မောင်သိန်း)
အမှတ် ၄၇၃(က)၊ပြည်လမ်း၊ ၆၀ရပ်ကွက်၊ ကမာရွတ်မြို့နယ်	အမှတ် ဘီ- ၂၇/၂၈၊ ဦးဝိစာရလမ်း၊ စက်မှုဇုန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
(တရားလို)	**(တရားပြိုင်)**

တရားပြိုင် ပစ်တိုင်းထောင်(ဒဂုံ)အင်ဒတ်(စ်)စထီရယ်ကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား မန်နေးဂျင်းဒါရိုက်တာ ဦးတင်မောင်သိန်း) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက "ငွေရလိုမှု"လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေ နှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ်၊ ဇွန်လ ၂၅ရက် (၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၈ရက်နေ့) မွန်းမတည့်မီ နံနက် ၉း၃၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့ သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက် များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင် လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ရမည်။

၂၀၀၄ခုနှစ် မေလ ၂၇ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အရည်အသွေးမှာ ထိပ်တန်း

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မိုးကုတ်မြို့၊ စည်ပင်သာယာရပ်၊ အမှတ် ၃၂၈ နေ
ဦးကျော်ငွေ-ဒေါ်တင်အောင်တို့၏သား

မောင်မောင်စိုး First Year (English)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ ဓမ္မာရုံလမ်း၊ အမှတ် ၂၇၀ (A) နေ
ဦးကျော်ကျော်လင်း-ဒေါ်မို့မို့တို့၏သမီး

မအိအိလင်း B.A(Business Management)
Diploma in Business Studies.
Wood Rich Manufacturing Co.,Ltd.

တို့အား ၂၀-၅-၂၀၀၄ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်မှ ဦးစီးအရာရှိ ဒေါ်တင်ကြူကြူဝင်းအားလည်းကောင်း၊ ၁၀-၆-၂၀၀၄ရက်တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဦးသိန်းဝင်း [Technical Consultant (Retaired) Department of Trade & Industry Papua New Guinea] နှင့် ဇနီး ဒေါ်ဦးယဉ်၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော Wood Rich Manufacturing Co., Ltd. မှ Managing Director ဦးနေထွန်းမင်းနှင့်ဇနီး ဒေါ်မေစန္ဒာအောင်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသောတေးသံရှင်ရတနာဦး၊ သတို့သားအရန်မောင်မောင်လွင်၊ သတို့သမီးအရန် မမေသက်တိုး၊ မင်္ဂလာပန်းကြဲပေးသော ညီမလေးအင်ကြင်းမြတ်၊ မင်္ဂလာစံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဇုန်းကိုင်ဆောင်ပေးသော မပြုံးလဲ့ယဉ်၊ မိတ်ကပ်နှင့်ဆံပင် အလှပြုပြင်ပေးသော (မိတ်ကပ်) ခင်စန်းဝင်း၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးသော မမဖြူ (Yuri Fashion)၊ ဓာတ်ပုံနှင့်ဗီဒီယို Mr & Mrs အဖွဲ့၊ဓာတ်ပုံစိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မောင်စိုး-မအိအိလင်း။

ရွှေမန်းမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(U-9) မြေကွက်



ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အမ်း–စစ်တွေလမ်းပေါ်ရှိ တံတားနှင့်လမ်းများစစ်ဆေး ရာသီမရွေးသွားလာနိုင်ရေး အစဉ်ကောင်းမွန်အောင်ထိန်းသိမ်းပြုပြင်ရန်မှာကြား

ရန်ကုန် ဇွန် ၁၈

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန်၁၁ရက် နံနက်၇နာရီက ရာမောင်တံတား ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ အမ်း–စစ်တွေလမ်း အပိုင်း(၂) (ယောချောင်း–မြောင်းဘွေ အပိုင်း)လုပ်ငန်းမွမ်းမံဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို အင်ဂျင်နီယာမှူး ဦးမောင်မောင်ဆယ်က ရှင်းလင်းတင်ပြပြီး ပြည်နယ် အင်ဂျင်နီယာမှူး ဦးသိန်းကျော်နှင့် အင်ဂျင်နီယာချုပ်ဦးစိုးမြင့်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမ်း–စစ်တွေလမ်း အပိုင်းများကို ရာသီမရွေးသွားလာနိုင်ရေးအတွက် အစဉ်ကောင်းမွန်အောင် ထိန်းသိမ်းပြုပြင်ရေး၊တံတားကြီး၊ တံတားငယ်များကို အစဉ်ကြံ့ခိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အမ်း–စစ်တွေလမ်းအပိုင်း(၂)မှာ မြေပုံမြို့နယ်နှင့် မင်းပြားမြို့နယ်အတွင်း ၄၆မိုင် လေးဖာလုံရှိပြီး တံတားကြီးငယ်များပါဝင်လျက်ရှိရာ သစ်သားတံတား၄၈စင်းကို ကွန်ကရစ်တံတားအဖြစ် ပြုပြင်ရန်ရှိသည့်အနက် တံတားခုနစ်စင်းကို ပြုပြင်ပြီးဖြစ်ကြောင်းနှင့် တံတား၁၃စင်းကို ယခုမိုးကာလအပြီးတွင် ဆက်လက်ပြုပြင်တည်ဆောက်သွားမည်ဟု သိရသည်။

ရာမောင်တံတား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရာမောင်တံတား၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတားကြီးကို ကျွမ်းကျင်ပညာရှင်များက မပြတ်စစ်ဆေး၍ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်သင့်လုပ်ထိုက်သည်များ ဆောင်ရွက်ရန် မှာကြားသည်။

ရာမောင်တံတားမှာ အရှည်ပေ၁၃၀၀ရှိ ကြိုးတံတားဖြစ်ပြီး ၁၉၉၉ ခုနှစ်က ဖွင့်လှစ်ခဲ့သော တံတားဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မိုင်တိုင်အမှတ်၈၆မိုင်၊ ခုနစ်ဖာလုံသို့ ရောက်ရှိကြပြီး မိုးရာသီအတွင်း မော်တော်ယာဉ်များ လွယ်ကူ ချောမွေ့စွာသွားလာနိုင်ရန် ချောင်းကျောက်ခင်း၍ လမ်းပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အင်ဂျင်နီယာချုပ် ဦးစိုးမြင့်၊ ပြည်နယ်အင်ဂျင်နီယာမှူး ဦးသိန်းကျော်တို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မင်းပြားမြို့နယ် ကမ်းနီကျေးရွာအနီးရှိ ကြက်တက်ချောင်းရေလှောင်တမံလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကြက်တက်ချောင်း ရေလှောင်တမံသည် မင်းပြားမြို့နယ် ကမ်းနီကျေးရွာအရှေ့ဘက် လေးမိုင်အကွာရှိ ကြက်တက်ချောင်း၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ရေဆင်းဧရိယာမှာ ဒသမ၃မိုင်၊ တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအမြင့်၃၈ပေ၊တမံအလျားပေ ၄၂၀၊ရေလှောင်ပမာဏမှာ ဂါလန်သန်း၂၀ဖြစ်ပြီး ကမ်းနီကျေးရွာအနီးပတ်ဝန်းကျင် ဒေသများကို သောက်သုံးရေ ပေးဝေနိုင်ရန်အတွက် တည်ဆောက်ခြင်းဖြစ်သည်။

ထန်းတင်တံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့်အဖွဲ့ဝင်များသည် မွမ်းမံတည်ဆောက်လျက်ရှိသည့် ထန်းတင်တံတားလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာချုပ် ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ထန်းတင်တံတားမှာ သစ်သားတံတားအမျိုးအစားဖြစ်ပြီး မူလအရှည်ပေ၄၀မှ ယခု၄၈ပေအထိ မွမ်းမံတိုးချဲ့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာမိုင်တိုင်အမှတ် ၅၄/၂ မောင်းချောင်းတောင်သို့ ရောက်ရှိပြီး အတက်အဆင်း ပိုမိုပြေပြစ်စေရန် ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အင်ဂျင်နီယာချုပ် ဦးစိုးမြင့်၊ပြည်နယ် အင်ဂျင်နီယာမှူး ဦးသိန်းကျော်နှင့် အင်ဂျင်နီယာမှူး

ဦးမောင်မောင်ဆယ်တို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ မောင်းချောင်းတောင်လမ်းကို အတက်အဆင်း မတ်စောက်မှုကြောင့်ပြေပြစ်စေရန်လမ်းကို မူလအမြင့်ထက် ပေ၄၀ခန့် နိမ့်ကျသွားအောင် စက်ယန္တရားကြီးများဖြင့် ဖြိုချပြုပြင် ဆောင်ရွက်ထားရကြောင်း သိရှိရသည်။

ယောချောင်းတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ယောချောင်းတံတားရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးအုန်းလွင်က အမ်း–စစ်တွေ လမ်းအပိုင်း(၁)အမ်းမှ ယောချောင်းအပိုင်း၌ မိုင်တိုင် ၀/၀ မှ ၅၃/၀ အတွင်း ကတ္တရာလမ်း၁၃မိုင် မွမ်းမံခင်းကျင်းပြီးစီးမှု၊ ၂၀၀၄–၂၀၀၅ခုနှစ်တွင် ကတ္တရာနှင့် ကျောက်ချောလမ်း မွမ်းမံခင်းကျင်းရန် စီစဉ်ထားမှု၊ ပြုပြင်မွမ်းမံသွားမည့် အစီအစဉ်များ၊ တံတားလတ်နှင့် တံတားငယ်၃၇စင်းကို အခိုင်အမာ တံတားအဖြစ် ပြုပြင်ရန် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ယခုနှစ် မိုးရာသီအတွင်း ယာဉ်များ သွားလာမှုလွယ်ကူမြန်ဆန်စေရေး အတွက် လိုအပ်သည့်လမ်း၊ တံတားပြုပြင်မွမ်းမံမှုများကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ယောချောင်းတံတားသို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာချုပ် ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက တံတားကြီးကြံ့ခိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ယောချောင်းတံတားမှာ အရှည်ပေ၁၁၀၀ရှိ ဘေလီအမျိုးအစားတံတားဖြစ်ပြီး ၁၉၉၉ ခုနှစ်က ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စစ်တွေ–အမ်းလမ်းအပိုင်းကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေး၍ ဆင်လန်တောင်သို့ရောက်ရှိကြပြီး မိုင်တိုင်၄၈နှင့်၄၉အကြား အနည်းငယ်မတ်စောက်နေသော လမ်းအပိုင်းကို ယခုထက် အတက်အဆင်း ပိုမိုပြေပြစ်စေရန် ဆောင်ရွက်နိုင်မည့်နည်းလမ်းနှင့်နေရာများကို ကြည့်ရှု၍ တာဝန်ရှိသူများနှင့်ဆွေးနွေးပြီး လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာန မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ယောချောင်းတံတားတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖျောက်မြို့၊ အောက်ရေကံကုန်း လိမ်ပင်ကျေးရွာချင်းဆက်လမ်း မြေသားဖို့ခြင်းလုပ်ငန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဂဝံခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် အဖျောက်စည်ပင်ရုံးတာဝန်ခံ ဦးလှသိန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ထောက်ပံ့

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကတုံးပေါ်(အထက်) ကျေးရွာ ရဲတပ်ဖွဲ့ရုံးခန်း၌ ၂၀၀၄–၂၀၀၅ ခုနှစ် ပညာသင်နှစ်အတွက် ရဲတပ်ဖွဲ့ဝင် မိသားစုများ၏ သားသမီး ကျောင်းသူကျောင်းသား ၁၆ ဦးတို့အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေများကို ကျေးရွာ ရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲအုပ်လှငွေက ထောက်ပံ့ငွေများ ပေးအပ်စဉ်။

(၁၃၇)

ဇွန် ၂ ရက်က မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ကျေးရွာချင်းဆက် အမာခံကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် ပျားမွတ်လျှော်ချောင်း ကျေးရွာအုပ်စု ကျိုးချောင်း–ကျုံလတာလမ်းအတွက် ကျောက်ချောများစုဆောင်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းကြည့်ရှုကြစဉ်။

(မြို့နယ်စည်ပင်)

မေ ၂၈ရက်က မှော်ဘီမြို့ မြို့မ (၄)ရပ်ကွက်ရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရာ မှော်ဘီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းလွင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(က–ပ)

ထန်းတပင် ပိုလ်ချုပ်၁လမ်း ကျောက်ချောခင်း

ထန်းတပင် ဇွန် ၁၈

ပဲခူးတိုင်း (အရှေ့) ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ဗိုလ်ချုပ်(၁)လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇွန် ၇ရက်က အမှုဆောင်အရာရှိ ဦးထင်အောင်မှ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ကျောက်ချောလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၆၅၀၀၀၀ဖြင့် အရှည်ပေ ၉၈၀၊ အကျယ် ၁၂ပေကို မိုးရာသီအမီ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ရာ ၈၀ရာခိုင်နှုန်း လုပ်ငန်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ညောင်လေးပင်မြို့ ဇီဝိတဒါန သံဃာ့ဆေးရုံ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ညောင်လေးပင် ဇွန် ၈

ပဲခူးတိုင်း ညောင်လေးပင်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံ နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၅ရက်က ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဒုဥက္ကဋ္ဌ ဦးစိုးမြင့်လေးက ဆေးရုံ၏ ရှေ့လုပ်ငန်းစဉ်များ၊ အတွင်းရေးမှူး ဦးမျိုးမြင့်(ပရဆေး)က ဆေးရုံသက်တမ်း ၂၁ နှစ်အတွင်း သံဃာတော်များ ဆေးဝါးကုသခံယူမှု ဘဏ္ဍာရေးမှူး ဦးစိုးဝင်းက ငွေစာရင်းရှင်းတမ်း ရှင်းလင်းတင်ပြရာ တိုးချဲ့ဆောင် ဆောက်လုပ်ရေးဥက္ကဋ္ဌ ဦးအေးမြင့်က ခွဲစိတ်ဆောင်ကို ခေတ်မီခွဲစိတ်ဆောင်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ခွဲစိတ်ဆောင်ကို သိန်း၂၀၀ဆီခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်းနှင့် ယခု ၈၇သိန်းကုန်ကျကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါသံဃာ့ဆေးရုံခွဲစိတ်ဆောင်သည် အခန်းပေါင်း ၂၄ခန်းပါရှိပြီး တစ်ခန်း ခြောက်သိန်းကုန်ကျမည်ဖြစ်ရာ စေတနာရှင်များ လှူဒါန်းလိုပါက ညောင်လေးပင်မြို့နယ်အသင်းနှင့် ယင်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(အပေါ်ပုံ)** (က-ပ)

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း၌ တည်ထောင်ဖွင့်လှစ်ထားသော ဘော်ဒါဆောင်၊ တည်းခိုခန်းများ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိမရှိကို ဇွန် ၁၀ ရက်က မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးနှင့် ဒုတိယဦးစီးမှူး (အခွန်) ဦးဌေးနိုင်တို့က ကွင်းဆင်းစစ်ဆေးကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ပြခန်း

မြို့နယ် ပြန်/ဆက်နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်

သီပေါ ဇွန် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ပညာပေးပြခန်းဖွင့်လှစ်ပွဲအခမ်းအနားကို ဇွန် ၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ကျင်းပရာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်မိုးအောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစိုင်းသာလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)

အစီအစဉ်အရ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မိုးအောင်က သစ်တောသစ်ပင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေး၊ မြန်မာနိုင်ငံသစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေး၊ အသင်းဝင် ဦးမြသန်း(ဓာတ်ပုံပုံဟိန်း-သီပေါ)က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထိမ်းအမှတ် နံရံကပ်စာစောင် ပညာပေးပိုစတာများကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ဌေးဌေးရှိန်နှင့် မြို့နယ်အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ ဒေါ်ကြင်မီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားတက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ဧည့်ပရိသတ်များက ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(၁၀၆)**

တောင်ငူဆေးရုံ၌ ယောက်ျားသုံးမြွှာပူးမွေးဖွားသောမိခင်အား ငွေနှင့်ပစ္စည်းထောက်ပံ့

တောင်ငူ ဇွန် ၁၀

တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ယောက်ျားလေး သုံးမြွှာပူးမွေးဖွားပြီး မိခင်ရော ကလေးများပါ ကျန်းမာလျက်ရှိသည့် မိဘအား အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျပ်တစ်သိန်းဖိုးရှိ အဝတ်အထည်နှင့်ဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁ ရက်က အထွေထွေရောဂါကုဆေးရုံကြီး ကလေးကုသဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနာယက ဒေါ်သန်းသန်းနွဲ့ (ကြယ်နီဆေးလိပ်ခုံ)နှင့် အမှုဆောင်များက ထောက်ပံ့ငွေကျပ်ငါးသောင်းနှင့်ငွေကျပ်ငါးသောင်းတန်ဖိုးရှိ ကလေးစောင်၊ အင်္ကျီ၊ အနှီး၊ ပိတ်၊ နို့မှုန့်ဘူး၊ အာဟာရဘူးများနှင့် မိခင်အတွက် အဝတ်အထည်နှင့် အားဆေးများကို သုံးမြွှာပူးမွေးဖွားသည့် အုတ်တွင်းမြို့နယ် ကျွဲပွဲ၊ကရင်ရွာမှ မိဘ စောဆာဖော်နော်ဆာအယ်တို့အား ပေးအပ်ကြောင်း သိရသည်။**(အပေါ်ပုံ)** **(၁၀၃)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဇွန် ၉ရက်က လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဝန်ထမ်းသားသမီးများအား ၂၀၀၄-၂၀၀၅ ခုနှစ် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲကို မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက ဝန်ထမ်းသားသမီး ၅၈ဦးတို့အတွက် ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မေ ၂၉ ရက်က ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူတို့ မေတ္တာမွန်ရေကန်ပတ်လမ်း ရေနုတ်မြောင်းတူးဖော်ခြင်းကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၁၉-၆-၂၀၀၄(စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၀၉:၃၀ ခေတ်ပေါ်တေး
၀၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၅ အာယုနှင့်သာစု ဆွေးနွေးခန်း
၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရွှေသမက် ရှေ့ဆောင် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၏ အအေးခန်းနှင့် ရေခဲစက်ရုံ အကြောင်း)
၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း (၁)မောင်မယ်ညီတူ(ခေါင်းကြီး) (၂)ချစ်တဲ့သူအလိုကျ(ဆောင်းပါး)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၂:၁၀ ကလေးများအတွက် အင်္ဂလိပ်စာ
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အလယ်တန်းမြန်မာစာ-ကဗျာသင်ကြားခြင်း)

ညနေပိုင်း

၁၇:၀၀ ခေတ်ဟောင်းတေး
၁၇:၁၅ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ် (ရောဝတီတိုင်းမှ မခင်ပြည့်ပြည့်ဖြိုးနှင့်ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်တို့၏ ဓမ္မပူဇာတေး)
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇:၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားဝါသနာ-ဦးဉာဏ်ထွန်း-ညွှန်မှူး-အား/ကာ)
၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (Evening Star တေးသံသွင်းမှ ပေးပို့သော အောင်ရင်၏ ဘာပဲလုပ်ရလုပ်ရတေးစီးရီး)
၂၀:၃၀ English Lesson Working Knowledge
၂၀:၄၅ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

ဇွန် ၇ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး အတွက် စွန့်ပစ်အမှိုက်များဆယ်ယူခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်က ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)

ခေါင်းဆောင်မှုပွံ့ဖြိုးရေး ပွဲပြီးမှုသင်တန်း ဖွင့်မည်

သင်တန်းချိန်များ

၃ လ (Mon & Tue 7:15 - 8:45 a.m.) 22 - June - 04
၃ လ (Mon & Tue 6:00 - 7:30 p.m.) 05 - July - 04

MENTOR LMC

Imperial Fruit Group

(22.6.2004) မှ (28.6.2004) ထိ

အမည်ပြောင်း

အမှတ် ၁၅၀(D) တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းမြို့နယ်နေ ဦးမြသောင်း-ဒေါ်တင်တင်အောင်တို့၏ သား ကိုဇော်ညွန့်, ၁၂/ဒဂန(နိုင်) ၀၁၆၃၀၂ အား ကိုရဲလွင်ဟု ပြောင်းလဲခေါ်ပါရန်။

ကိုရဲလွင်။

ကားငှားမည်

ကားမျိုးစုံနှင့် Mini Bus, Hilux, Crown Van နှစ်ချုပ်၊ လချုပ်၊ နာရီပိုင်း ငှားရန်ရှိသည်။ အကျိုးတူပူးပေါင်းလိုသော ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

ဖုန်း-၅၂၄၆၈၆၊ ၀၉-၈၀-၂၄၀၄၄

လေလံခေါ်ရောင်းချမည့် ရောင်းရန်ကြော်ငြာ

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
တနင်္သာရီတိုင်းတရားရုံး(မြိတ်မြို့)
၂၀၀၄ ခုနှစ် တရားမဇာရီမှု အမှတ် ၂

အာရှနေဘဏ်လီမိတက် ကော့သောင်းဘဏ်ခွဲ၊ ကော့သောင်းမြို့ (၎င်းအတွက် အာရှနေဘဏ်လီမိတက် မြိတ်ဘဏ်ခွဲ၏ ဘဏ်ခွဲမန်နေဂျာ) **နှင့်** ၁။ ဒေါ်ဖွားရင်(ခ)ဒေါ်သက်သက် ၂။ ဦးမြင့်သိန်း

ဒီကရီရရှိသူ **တရားရှုံးများ**

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ်(၈)တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၀ ရက် (၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်းများ

၁။ ကော့သောင်းမြို့နယ်၊ အဏ္ဏဝါရပ်ကွက်၊ စပယ်လမ်းသွယ်တွင် တည်ရှိပြီး ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ အဏ္ဏဝါရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၂၇ အဏ္ဏဝါ၊ ၁၉၉၉-၂၀၀၀ ခုနှစ်အတွက် မြေကွက်အမှတ် ၁၇၊ ဧရိယာ ၀ ဒသမ ၀၃၆ ဧကရှိ ဒေါ်ဖွားရင်(ခ) ဒေါ်သက်သက် အမည်ပေါက်နေသည့် ကော့သောင်းခရိုင် မြေမှုအမှတ် ၄၃/၂၀၀၀ မြေငှားဂရန်မြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အိမ် အဆောက်အအုံတစ်ခု။

၂။ ကော့သောင်းမြို့နယ်၊ အေးရိပ်ငြိမ်ရပ်ကွက်၊ တော်ဝင် ၁ လမ်းတွင် တည်ရှိပြီး ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ရပ်ကွက်အမည် ၄၄ အေးရိပ်ငြိမ်၊ ၂၀၀၂-၂၀၀၃ ခုနှစ်အတွက် မြေကွက်အမှတ် ၃၇-၄၃၂၊ ဧရိယာ ၀ ဒသမ ၀၆၈ ဧကရှိ ဒေါ်ဖွားရင်(ခ) ဒေါ်သက်သက်အမည်ပေါက်နေသည့် မြေငှားဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အာရ်စီ သုံးထပ်တိုက် အဆောက်အအုံတစ်ခု။

၃။ ကော့သောင်းမြို့နယ်၊ အောင်သုခရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် တည်ရှိပြီး ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ရပ်ကွက်အမည် ၂၀ အောင်သုခ၊ ၂၀၀၀-၂၀၀၁ ခုနှစ်အတွက် မြေကွက်အမှတ် ၅၀/၁၊ ဧရိယာ ၀ ဒသမ ၀၃၄ ဧက နှင့် မြေကွက်အမှတ် ၅၀/၂၊ ဧရိယာ ၀ဒသမ ၀၃၄ ဧက စုစုပေါင်း ၀ ဒသမ ၀၆၈ ဧကရှိ ဒေါ်ဖွားရင်(ခ) ဒေါ်သက်သက် အမည်ပေါက်နေသည့် မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သုံးထပ်တိုက်အဆောက်အအုံတစ်ခု။

၄။ ကော့သောင်းမြို့နယ်၊ အဏ္ဏဝါရပ်ကွက်၊ စပယ်လမ်းသွယ် ၂ တွင် တည်ရှိပြီး ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ရပ်ကွက်-အဏ္ဏဝါ၊ အကွက်အမှတ်နှင့်အမည် ၂၆ အဏ္ဏဝါ၊ ၂၀၀၀-၂၀၀၁ ခုနှစ်အတွက် မြေကွက်အမှတ် ၃၁+(၃၁/၂၅၅)၊ ဧရိယာ ၀ ဒသမ ၀၃၇ ဧကရှိ ဒေါ်ဖွားရင်(ခ) ဒေါ်သက်သက် အမည်ပေါက် မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်အိမ်အဆောက်အအုံတစ်ခု။

၅။ ကော့သောင်းမြို့နယ်၊ ပုလုံးတုံတုံးကျေးရွာတွင်တည်ရှိပြီး ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ကျေးရွာအုပ်စု ပုလုံးတုံတုံး၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၂၅ အိုအက်စ်အက်စ်(ကြေးတိုင်ပြင်) ပုလုံးတုံတုံးကျွန်းကွင်း၊ ၁၉၉၉-၂၀၀၀ ခုနှစ်အတွက် ဦးပိုင်အမှတ် (၆/ခ/၂)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၅၆/၃)၊ (အင် ၉၃)၊ ဧရိယာ ၂၅ ဒသမ ၀၀ ဧကရှိ ဒေါ်ဖွားရင်(ခ) ဒေါ်သက်သက် အမည်ပေါက်မြေငှားဂရန် မြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အအေးခန်းစက်ရုံအပါအဝင် အအေးခန်းစက်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံများအားလုံး၊ စုစုပေါင်း လေလံကြမ်းခင်းဈေး ကျပ် ၃၀၀၀၀၀၀၀၀ (ကျပ်သိန်းသုံးထောင်တိတိ)။

ရောင်းချရန်စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၄ ခုနှစ် ဇွန်လ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်ဝင်း
တိုင်းတရားသူကြီး
တနင်္သာရီတိုင်းတရားရုံး၊ မြိတ်မြို့။

C B BANK
CO-OPERATIVE BANK LTD.

CONGRATULATIONS !

သမဝါယမဘဏ်လီမိတက် C B BANK အား
အခြေခံဘဏ်အဖြစ်ထားရှိလျက်
သမဝါယမမြှင့်တင်ရေးဘဏ်လီမိတက် နှင့်
တောင်သူလယ်သမားများသမဝါယမဘဏ်လီမိတက် တို့က
လာရောက် ပူးပေါင်းပြီး
ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှု အပြည့်အဝပေးနိုင်မည့်
သမဝါယမဘဏ်လီမိတက် C B BANK
(အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်)အဖြစ်
(၁၅-၆-၂၀၀၄) နေ့တွင် ပေါက်ဖွားရှင်သန်လာခြင်းအတွက်
လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြု အပ်ပါကြောင်း။

ဦးအောင်နိုင်
မြန်မာ့ယုံကြည်ကုမ္ပဏီလီမိတက်

ဦးဇော်မိုး
Trade King Group Co., Ltd.

ဦးသောင်းဟန်
ရွှမ်းမြတ်ထရေဒင်းကုမ္ပဏီလီမိတက်

ဦးသိန်းနိုင်
ဟန်ရတနာဘဘင်ကုမ္ပဏီလီမိတက်
System Computer

ဦးကိုကိုကြီး
Beauty Max Magazine

ဦးစိုးဝင်း
Diamond Century Co., Ltd.
Big Camera Ltd.

အများသိစေရန်

"မြတ်မန္တလာထွန်း"အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေး ရန်ကုန်ဂိတ်တာဝန်ခံ(ဂိတ်မှူး) ဦးမြင့်စိုး(ISM-579080) အား ၁-၆-၂၀၀၄ရက်မှစ၍ တာဝန်မှရပ်စဲပြီး၍ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
မြတ်မန္တလာထွန်းခရီးသည်ပို့ဆောင်ရေး
ရန်ကုန်-မန္တလေး။

PANDA (အင်ဂျင်နီယာအဖွဲ့)
ELECTRONIC SERVICE CENTRE
TV/VCD.DVD.MONITOR. FAX MACHINE
COMPUTER POWER SUPPLIES
WASHING MACHINE
UPS. TRANSFORMER
AIRCON . REFRIGERATOR

နှစ်ဦးသဘောတူ လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးကြောင်း အသိပေးကြေညာချက်

ရန်ကုန်မြို့၊ အမှတ် ၈၁၅၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်တိုးတိုးအေး (အိပ်ချ်/အာရ်ဂျီအင်န်-၀၃၇၁၂၅) ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်သည်မှာ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်တိုးတိုးအေး(အဖ-ဦးအေးမောင်) နှင့် ဦးမောင်မောင်အေး (စီ/အာရ်ဂျီအင်န်-၀၀၈၃၄၇) (အဖ- ဦးကျော်အောင်)တို့သည် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းဝင်းရွှေ B.Econ.(P&D).,R.L.,D.M.A., D.M.L. **တရားရုံးချုပ်ရှေ့နေ**
ဒေါ်သီတာရွှေ LL.B(Ygn) **အထက်တန်းရှေ့နေ**
U BA SHWE LAW FIRM.
အမှတ် -၁၆၉/၁၇၁၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မအဝီစိတွင်းတစ်တွင်းတူးဖော်ခွင့် လိုင်စင်ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၄ရက် ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန (ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှုအရာရှိ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **လျှောက်ထားသူအမည်နှင့် နေရပ်လိပ်စာ**-ဒေါ်အေးအေးမော်၊ အမှတ် ၃၈၊ အဝေရာလမ်း၊ ရန်ကင်းမြို့နယ်၊ **တူးဖော်မည့်နေရာ-မြေကွက်အမှတ်**-၆၄/ခ-B၊**မြေတိုင်းရပ်ကွက်အမှတ်**-၄ ကံဘဲ့။

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)

ဆိုင်ဖွင့်ပွဲ၃နှစ်ပြည့်အထူး
30% Off

အရှေ့တိုင်းမျက်မှန်
383884

ဖူဂျီ ဆပ်ပြာကရင်(မ်) မှ အသိပေးခြင်း

ရွှေသစင် ကုမ္ပဏီမှ ထုတ်လုပ်သော **ဖူဂျီ** အမှတ်တံဆိပ် အဝတ်လျှော်ဆပ်ပြာကရင်(မ်)ကို လုပ်သားပြည်သူများနှင့် အရောင်းဆိုင်များမှ တစ်ခဲနက်ဝယ်ယူအားပေး အသုံးပြုကြသည့်အတွက် **အထူးကျေးဇူးတင်လျက်ရှိပါသည်။**

ယခုအခါ **ဖူဂျီ** အဝတ်လျှော်ဆပ်ပြာကရင်(မ်)၏မြင့်မားသောအရည်အသွေး ရှိသာသောဈေးနှုန်းသေသည့်ကောင်းသတင်းများကိုအခွင့်အရေးယူ၍ **ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား** ပလတ်စတစ်ဘူးများဖြင့် ထုတ်လုပ်ပြီး **ဈေးကွက်အတွင်း** ရောင်းချနေသည်ကိုတွေ့ရှိရပါသည်။

သို့ပါ၍ဖူဂျီဆပ်ပြာကရင်(မ်)ကိုနှစ်သက်စွာအသုံးပြုလျက် ရှိသောလုပ်သားပြည်သူများ နှင့် ရောင်းချပေးနေသော ဆိုင်ပိုင်ရှင်များ **အထူးသတိပြုရွေးချယ်ဝယ်ယူကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

ရွှေသစင် အင်ဒဲ(စ်)ရင့်(တ်) ကုမ္ပဏီ လီမိတက်၊ ဖုန်း-၀၁-၂၂၄၅၈၀၊ ၀၁-၂၂၆၂၅၉

ယုဇန ၏ ကျေးဇူးတင်လွှာ

၁၂-၆-၂၀၀၄ ယုဇနစင်တာဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ဧည့်သည်တော်များ၊ ဂုဏ်ပြုပန်းခြင်း နှင့်လက်ဆောင်များ ပေးပို့ခဲ့သော ကုမ္ပဏီလုပ်ငန်းရှင်များ ၊ အစဉ်အမြဲဝယ်ယူအားပေးလျက် ရှိသော မိတ်ဆွေများ အားလုံးကို ယုဇနမိသားစုက လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းမှတ်တမ်းတင်အပ်ပါသည်။

၂၀-၆-၂၀၀၄(တနင်္ဂနွေနေ့) နံနက်(၁၁)နာရီနှင့် ညနေ(၃)နာရီ ယုဇနစင်တာတွင် ကျင်းပမည့် ပျော်စရာ အစီအစဉ်များမှာပါဝင်ခြင်းဖြင့် မိမိ၏ ချစ်လှစွာသောကျေးဇူးရှင်မိဘများ အတွက် လက် ဆောင် များရယူပါ။

Yuzana Centre, No.130, ShwegonTaing Street, Bahan
Yuzana Supermarket, No.15, Dhammazedi Road, Sanchaung
Yuzana Departmental Store,1st Floor, Yuzana Plaza,

ယုဇနအားလုံးပိတ်ရက်မရှိနေ့စဉ်ဖွင့်လှစ်လျက်ရှိပါသည်။

Live a stylish life, shop smart @ **YUZANA**

မိုးရာသီအထူးအစီအစဉ်

သင်အသုံးပြုရမည့်တန်ဖိုးငွေထက်များစွာပိုမိုပြီး အခွင့်အရေးကောင်းများရရှိလိုပါက

EARN SPARK MYANMAR CO.,LTD မှနိုင်ငံတကာအဆင့်မီတည်ဆောက်ထားသော ဧည္ဇာဓလလမ်းနှင့်ကျိုက္ကဆံလမ်းထောင့်ရှိ

အရည်အသွေးမြင့်မားသည့် "GRAND DIAMOND RESIDENCES" ၏ ကုမ္ပဏီအရောင်းစခန်းသို့ ကြွရောက်ခဲ့ပါ။

(၁၅ . ၆ . ၂၀၀၄ မှ ၃၀ . ၆ . ၂၀၀၄ ထိ)အထူးနှုန်းအဖြစ် (၂)ထပ်လုံးချင်းတိုက်များနှင့် အဆင့်မြင့်တိုက်ခန်းကျယ်များကို ၅%မှ ၃၀% အထိလျှော့၍ ရောင်းချပေးပါမည်။

ပိုင်ဆိုင်မှု - တိုက်ပိုင်/အခန်းပိုင်နေထိုင်ခွင့်ဖြစ်ပါသည်။
တည်နေရာ - ရန်ကုန်မြို့၏အချက်အချာကျသော (ဧည္ဇာဓလလမ်းနှင့်ကျိုက္ကဆံလမ်းထောင့်) နေရာတွင်တည်ရှိပါသည်။
အရည်အသွေး - ထူးခြားဆန်းသစ်သော ဗိသုကာဒီဇိုင်းနှင့်ခေတ်မီနည်းပညာဖြင့်ဆောက်လုပ်ထားသော အဆောက်အအုံဖြစ်၍
- ရောင်းချမည့် (၂)ထပ်လုံးချင်းတိုက်နှင့်တိုက်ခန်းအားလုံးမှာ **Room Type** စနစ် ဖြစ်ပြီး လူနေထိုင်ရန်အတွက် ၉၅%ပြီးစီးပြီးဖြစ်ပါသည်။ ကိုယ်ပိုင်-မီတာ/ ရေလက်အပါအဝင်ဖြစ်ပါသည်။
- အရစ်ကျငွေပေးချေသည့်စနစ်လည်း စီစဉ်ဆောင်ရွက်ပေးထားပါသည်။
- ပြည်တွင်းအစုန်အဆန်သွားလာမည့်ခရီးသည်များ ရောင်းချသူက စီစဉ်ဆောင်ရွက်ပေးပါမည်။

လုံးချင်းတိုက်များမှာ -
မြေဧရိယာ - **2450 Sq-ft မှ 3450Sq-ft**
(၂)ထပ်လုံးချင်းတိုက်ဧရိယာ - **2600 Sq-ft**
အခန်းဖွဲ့စည်းပုံ - ဘုရားခန်း (၁)ခန်း၊ ဧည့်ခန်း(၁)ခန်း၊ အိပ်ခန်း (၄)ခန်း၊ မီးဖိုခန်း(၁)ခန်း ကားဂိုဒေါင်(၁)ခု။

တိုက်ခန်းကျယ်များမှာ -
တိုက်ခန်းဧရိယာ - **1450 Sq-ft မှ 3100 Sq-ft**
အခန်းဖွဲ့စည်းပုံ - ဘုရားခန်း(၁)ခန်း၊ ဧည့်ခန်း(၁)ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ အိပ်ခန်း(၂)ခန်းမှ(၆)ခန်းထိ။

အရောင်းစခန်း ☞ ဧည္ဇာဓလလမ်းနှင့်ကျိုက္ကဆံလမ်းထောင့်ရှိ GRAND DIAMOND RESIDENCES ၏ပထမဆုံးအရောင်းစခန်း။
☎ 722458,505800,244559 ,09-80-31768

သစ်သီးပင်များကိုင်းကူးကိုင်းဆက်မျိုးပွားနည်း သင်တန်းဖွင့်လှစ်မည်

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေပဒေသာဥယျာဉ် ပညာပေးဌာနအတွင်း သစ်သီးပင်များနှင့် အခြားစိုက်ပျိုးပင်များကို မြေထုတ်စည်းမျိုးပွားနည်း၊ ကိုင်းဖြတ်မျိုးပွားနည်း၊ အဖူးမြုပ်နှင့် ကိုင်းကူးကိုင်းဆက်မျိုးပွားနည်းများကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို အောက်ပါလိပ်စာအတိုင်း ၂၅-၆-၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အမြန်ဆုံးဆက်သွယ် စာရင်းပေးသွင်းနိုင်ပါသည်။

စာရင်းပေးသွင်းရန်လိပ်စာ
ခြံမန်နေဂျာရုံး
မြေပဒေသာဥယျာဉ်
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပညာပေးဌာန
ဖုန်း-၅၄၄၇၆၇၊ ၅၄၉၇၃၀၊ ၅၄၄၆၈၃

လိပ်ခေါင်း၊ ဂရင်ဂျီနာ ဓာတ်နာ၊ အကျိတ်ဖြစ်သူများ

(ဦးကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း - ၂၄၀၀၆၄

သမားတော်ကြီး ဝိဇ္ဇာ၊ လိပ်ခေါင်း၊ ဂရင်ဂျီနာ အထူးကု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးကြူး (ရေးမြို့)
(ရေးမြို့နယ်အသင်းနာယက)
အသက်(၈၆)နှစ်

ရေးမြို့၊ အမှတ် ၃၉၊ နတ်မောက်လမ်းနေ (ဦးညွှင်း-ဒေါ်ဇော်မေ)တို့၏ သား၊ (ဦးသောင်းရွှေ-ဒေါ်ထွေး)တို့၏ သားသမက်၊ (ဒေါ်ခင်သန်း)၏ခင်ပွန်း၊ ဦးမျိုးဆွေ-ဒေါ်ခင်မူ၊ ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့်သန်း၊ ဦးမျိုးညွှန့်-ဒေါ်လှလှမြင့်၊ ဦးညွှန့်ဆွေ-ဒေါ်နီနီသန်း၊ ဦးမျိုးခိုင်-ဒေါ်လှလှသန်း၊ ဦးကျော်ဝင်း-ဒေါ်နုနုသန်းတို့၏ဖခင်၊ မြေး ၂၀၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၁၇-၆-၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် အာရုတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အမှတ် ၈၀၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ဝါဝါ
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမ၊ အမှတ် ၁၁၃၉ နေ(ဦးချပ်ကာ)-ဒေါ်ကြင်စိန်တို့၏ သမီး၊(ဦးဘကိန်း-ဒေါ်သိန်းတင်)တို့၏ သမီးချွေးမ၊ ဒုတိယဗိုလ်မှူးကြီးစန်းအောင်(ငြိမ်း၊ ဗိုလ်သင်တန်းအပတ်စဉ်-၃၁)၏ဇနီး၊ (ဦးပျော့)-ဒေါ်ရှုကျင်၊ ဦးရန်စွမ်း-ဒေါ်ကျင်သန်း၊ (ဦးရှိန်မြင့်)-ဒေါ်တင်ကြည်၊ ဒေါ်ခင်ဖြူဝင်း (YGH)တို့၏ညီမ၊ ဒေါ်ချိုမွှန်(ကကလုံ)၏အစ်မ၊ မခင်သီတာ၊ မခင်မြတ်သူ၊ မောင်နိုင်ဝမ်း၊ မောင်ကျော်သူအောင်၊ မောင်ညီဝင်းအောင်တို့၏မိခင်သည် ၁၆-၆-၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်
အမက-၁၂၊ကျောင်းအုပ်ကြီး (အငြိမ်းစား)
အသက်(၆၆)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ရန်ငြိမ်းလမ်း၊အမှတ် ၆ နေ (ဦးဘသောင်း-ဒေါ်သိန်းကြည်)တို့၏ သား၊ (ဦးစိန်မောင်-ဒေါ်လှကျင်)တို့၏ သားသမက်၊ ဒေါ်အေးဆွေ (အထက-၄၊ မူပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးမိုးဟိန်းမြင့်(စွမ်းအင်/ရေနံ၊သယ်ပို့၊ သာကေတ)-ဒေါ်ငွေးငွေးမြင့်၊ (ဦးသန့်ဇင်မြင့်)-ဒေါ်မျိုးကေဇာ၊ ဗိုလ်မှူးတိုးထွန်းမြင့်-ဒေါ်ငွေးငွေးတင်၊ဦးထွန်းထွန်းမြင့်-ဒေါ်သန္တာအောင်၊ ဒေါ်သိမ်းထူးမြင့် (ဆသရ)၊ ဒေါ်ဖြိုးဆွေမြင့်၊ ဒေါ်သီဂီစိုးတို့၏ဖခင်၊မြေးကိုးယောက်တို့၏အဘိုးသည် ၁၇-၆-၂၀၀၄ရက်(ကြာသပတေးနေ့)ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၆-၂၀၀၄ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၃း၄၅ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချွန်တိတ်(ခ)ဦးလှမြင့်
အသက်(၇၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၃လမ်း၊ အမှတ် ၁၃၄(မြေညီထပ်)နေ ဒေါ်သန်းမြင့်(ယခင်ကျောက်ကျောဆိုင်)၏ခင်ပွန်း၊ မစန်းစန်းမြင့် - ကိုမောင်မောင်သစ်(ဗလ)၊ မသိန်းသိန်းမြင့်-ကိုရွှေမြ၊ မခင်အေးမြင့်-ဒေါက်တာကိုမြင့်ဟန်၊ မမြတ်ညို-ကိုဇေယျ၊ မတင်တင်ထွေး-ကိုဟန်မျိုးအောင်၊ မောင်မျိုးဆက်(ခ)မောင်မြသိန်း၊ မတိုးတိုးလွင်တို့၏ဖခင်၊ မောင်ကြည်လင်း၊ မောင်ဝေလင်းနိုင်၊ မောင်ထက်မြက်ဟန်၊ မလွင်မာဟန်၊ မောင်အန်ထော်နီ(ခ)မောင်လှအောင်တို့၏အဘိုးသည် ရန်ကုန်မြို့၊ အမှတ် ၇၃၊ ရွှေတောင်တန်းလမ်း(ပထမထပ်) နေအိမ်တွင် ၁၈-၆-၂၀၀၄ရက် (သောကြာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၆-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ရီရီဝေ
Marie Anne Pedroni(NEE)Sheridan
အသက်(၆၂)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(၃၅)ရပ်ကွက်၊ အမှတ် ၅၁၈၊ ရွှေသွေးလမ်းနေ (Mr/ Mrs. R. Sheridan)တို့၏ သမီးကြီး၊ ဦးသိန်းလွင်(Angelo)-(ဒေါ်ကျင်မြ)တို့၏သမီးချွေးမ၊ဦးမြလွင်(Ambrose)၏ဇနီး၊ မောင်သီဟ-မခင်စောရီ၊ မမြတ်နွယ်၊ မမာလာနွယ်-ဒေါက်တာရဲသွင်၊ စိုင်းမင်းအောင်တို့၏မိခင်၊မြေးနှစ်ယောက်တို့၏အဘွား၊ [ဦးအောင်ဒင်(ခ)ပက်ထရစ်]-ဒေါ်ငွေးငွေး၊ ဦးဂျော်နီ(ခ)ကျော်ကျော်-နော်ဆဲလ်ဒါ၊ ဦးဖရန့်စစ်-နော်ဗြူတီ၊ ဒေါ်ထရီဇာ-ဦးသောမတ်၊ ဦးဝင်းလှိုင်(ခ)Mark-ဒေါ်ဂျင်နီဖာ(ခ)ဒေါ်ခင်ငြိမ်းရွှေတို့၏ အစ်မကြီးသည် ၁၈-၆-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၆-၂၀၀၄ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အမှတ် ၉/၁၁၊ သမာဓိလမ်း၊ ကျောက်ကုန်း၊ရန်ကင်း၊စိန့်ဂျူဒ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အမည်ပြောင်းခြင်း

အဖ ဦးကျော်မင်းလွင်၏သား ပုသိမ် အလက(၁)တတိယတန်း(C)မှ မောင်ပြည်သာကျော်အား ယနေ့မှစ၍ မောင်ကောင်းမြတ်စည်သူဟု ပြောင်းလဲခေါ်ပါရန်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဒုတိယတန်း ရေယာဉ်အုပ်လက်မှတ် ဆဒ-၆၇/၉၇(၁၀-၈-၉၇)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။
ဦးမြကျော်ပုဂံတောင်ရွာ၊သန်လျင်မြို့ ၁၂/သလန(နိုင်)၀၇၁၉၆၆။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်းဒါယကာကြီး
ဦးခင်မောင်အေး (မြောင်းမြ)
B.A., D.E.P,H.G.P,R.L
ဒုတိယကုန်တိုက်မန်နေဂျာ(ငြိမ်း)၊ ပန်းဆိုးတန်းကုန်တိုက်(၁)
ဥက္ကဋ္ဌ၊ Myat Nyein Min Co., Ltd.
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ခြံအမှတ် ၆၀ (B-C)၊ မဥ္ဇူလမ်းသွယ်(၂)၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်နေ (ဦးသောင်းရှိန်-ဒေါ်သိန်းရှင်)တို့၏သား၊ ရွှေဘိုမြို့၊ မြိုက်စုရပ်နေ (ဦးရွှင်)-ဒေါ်ငွေထိန်းတို့၏သားသမက်၊ ဒေါ်မြင့်မြင့်ရွှင်(Managing Director, Myat Nyein Min Co., Ltd.)၏ခင်ပွန်း၊ မမြတ်သန္တာအေး (Macg-uire University, Sydeny, Australia)၊ မငြိမ်းငွေးစံ (IT, Officer 2t Inland of Singapore)၊ မောင်မင်းကိုကိုအေး(IT, Deakin University, Singapore)တို့၏ဖခင်သည် ၁၇-၆-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၉း၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးသန့်စွမ်းခိုင်
ကြည်း-၁၂၁၅၆၊ OTS(၄၃)

ဒုတိယဗိုလ်မှူးကြီးသန့်စွမ်းခိုင်(လက်ထောက်စစ်ဥပဒေချုပ်၊ကြည်း-၁၂၁၅၆)သည် ၁၆-၆-၂၀၀၄ရက်တွင် ကွယ်လွန်ခဲ့ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သင်တန်းဆင်းသူငယ်ချင်းများ။

ဝမ်းနည်းကြေကွဲခြင်း

အထွေထွေရောဂါကုဆေးရုံသစ်ကြီး ဆီးနှင့်ကျောက်ကပ်ရောဂါ ခွဲစိတ်ကုဌာနမှ ဒေါက်တာကျော်စိုးကျော်၏မိခင် ဒေါ်မြင့်မြင့်(ခ)ဒေါ်မြင့်မြင့်ကြည် (၅၈)နှစ်သည် ၁၅-၆-၂၀၀၄ရက်တွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

ပါမောက္ခဦးသန်းအေးနှင့်ဆရာဝန်၊ဆရာမများ
ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုဌာန
အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ရန်ကုန်။

ဦးဝင်းကြည်
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ သရက်တော ၃ လမ်း၊ အမှတ် ၁၀၄ နေ(ဦးပါကြီး)-ဒေါ်ရင်ကြည်တို့၏ သားကြီး၊ (ဦးသန်းရွှေ)-ဒေါ်အေးသန်းတို့၏ သားသမက်၊ ရွှေပြည်သာမြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊၅/၂/၁၆၂နေ ဒေါ်ငွေးငွေးသန်း၏ခင်ပွန်း၊ ကိုကျော်မင်းထွန်း (Bee Cyber Land Co., Ltd. ADDA Systems Software Development Group)° - မတင့်မျိုးမျိုးဝင်း(Myanmar Computer Co., Ltd.)၊ ကိုဖြိုးဇော်ဝင်း၊ သားငယ်လေးတို့၏ဖခင်သည် ၁၈-၆-၂၀၀၄ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၀-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်။ (ရွှေပြည်သာ နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းကြည်
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ သရက်တော ၃ လမ်း၊ အမှတ် ၁၀၄ နေ(ဦးပါကြီး)-ဒေါ်ရင်ကြည်တို့၏ သားကြီး၊ (ဦးသန်းရွှေ)-ဒေါ်အေးသန်းတို့၏သားသမက်၊ ဦးစံမြင့်-ဒေါ်ခင်အေးစန်း၊ ဦးခင်မောင်ကြည်-ဒေါ်ရီရီဝင်း (လမင်းဆေးလိပ်ခုံ၊ မြင်းခြံမြို့)၊ ဦးသန်းလွင်၊ ဦးသန်းဝင်း၊ ဒေါ်ချိုချိုဝင်း၊ ဦးသန်းထွန်း-ဒေါ်ခင်တီတီ၊ (ဦးမြင့်လွင်)-ဒေါ်ခင်ဝင်းမြင့်၊ ဦးတင်ဝင်း-ဒေါ်ကြည်ကြည်သန်း၊ ဦးလှရွှေ-ဒေါ်ရီရီသန်းတို့၏ ညီ/အစ်ကိုကြီးသည် ၁၈-၆-၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၀-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်။ (ရွှေပြည်သာ နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမဒေါ်ဂေးလ်ဘရယ်လေး
(ပြင်ဦးလွင်)
အသက်(၅၉)နှစ်

ပြင်ဦးလွင်မြို့၊ အမှတ် ၆၄၊ ချယ်ရီလမ်း၊ အထက်မြန်မာပြည် ကရင်နှစ်ခြင်းသာသနာဝင်းနေ (သိက္ခာတော်ရ ဆရာကြီး ဦးဝီလျံကိုလေး-ဆရာမ နော်ဘဲသာ)တို့၏သမီး၊ ဒေါ်နော်စဲရာ၊ ဒေါ်နော်နီးရာ၊ ဒေါ်နော်အဲလစ်စဘက်လေး၊ ဒေါ်ဗစ်တိုးရီးယား၊ ဦးစောမူးလယ်တို့၏ ညီမ၊ (ဆရာဦးစောင်းဒါ)၏ဇနီး၊ စောအီမဲနရယ်၊ နော်အေးဘေးနေးဇာ၊ နော်ယူနိုက်ဆီတို့၏မိခင် ဆရာမ ဒေါ်ဂေးလ်ဘရယ်လေး(အထက်မြန်မာပြည် ကရင်နှစ်ခြင်း သာသနာအမျိုးသမီး အတွင်းရေးမှူး)သည် ၁၇-၆-၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၃း၅၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၆-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၉ နာရီတွင် ကရာနီနှစ်ခြင်း ခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ကုန်းဘောခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မောင်ထက်ဦးလွင်(ခ)
မောင်အောင်ကိုကို
ဆဋ္ဌမတန်း၊အလက(၂)တာမွေ
အသက်(၁၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အိမ်အမှတ် ၄၅၊ ၅၅ လမ်းနေ ဦးတင်အောင်-ဒေါ်ခင်ရွှေတို့၏မြေး၊ ဦးရဲမြင့်အောင်-မယဉ်ယဉ်ကြူ၊ ဒေါ်ကြူကြူသင်း၊ ဦးအောင်သူ-မခင်ခင်ဦး၊ ဦးအောင်ဇော်သန့်-မချောကလျာထွန်း၊ ဦးကျော်သူတို့၏ တူ၊ ဦးမိုးသူ-ဒေါ်တင်တင်မော်တို့၏ သားကြီး၊ မောင်ဟန်ထိုက်စိုး၊ မအေးငြိမ်းဖြူတို့၏အစ်ကိုသည် ၁၈-၆-၂၀၀၄ရက် နံနက် ၁၀း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၆-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မောင်ထက်ဦးလွင်(ခ)
အောင်ကိုကို
အသက်(၁၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊စက်မှု(၃)လမ်း၊အိမ်အမှတ် ၇၆ နေ (ဦးရင်မောင်)-ဒေါ်ပုံတို့၏မြေး၊ ဦးမြင့်စိုး၊ ဒေါ်ရင်ရင်မော်၊ ဦးကိုလေး-ဒေါ်နိုင်နိုင်မော်၊ ဦးစိန်ထိုက်တို့၏ တူ၊ ဦးမိုးသူ-ဒေါ်တင်တင်မော်တို့၏ သား၊ မောင်လွင်ကိုကို၏ညီ၊ မောင်ဟန်ထိုက်စိုး၊ မအေးငြိမ်းဖြူတို့၏ အစ်ကိုသည် ၁၈-၆-၂၀၀၄ရက် နံနက် ၁၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်း၊ရေစက်ဒါယိကာမကြီး
ဒေါ်ခင်သန်း (တွံတေး၊ကံဘဲ့)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ၁၀ လမ်း၊ အမှတ် ၁၈၈နေ(ဦးမောင်လှ)လယ်စိုက်ရှင်း၏ဇနီး၊ (ဦးကြာပန်း -ဒေါ်ငယ်မ)တို့၏သမီး၊ (ဦးကျော်သောင်း-ဒေါ်လှချစ်)၊ (ဦးကျော်စိန်-ဒေါ်တင်)၊ (ဦးသန်းလွင်-ဒေါ်သိန်းခင်)တို့၏ညီမ၊ ဒေါ်ခင်ဆွေသန်း(အလုပ်ရုံစုမှူး၊ ဂျုံလုပ်ငန်း)၊ ဦးမြင့်ဇော်-ဒေါ်သင်းသင်းလှ(ဇော်သင်းပလတ်စတစ် အရောင်းပြားလုပ်ငန်း)၊ ကပ္ပတိန်ခင်မောင်သန်း(ကြယ်ငါးပွင့်)-ဒေါ်ခင်စန်းဝင်းတို့၏မိခင်၊ မသဇင်မြင့်အောင်(ဒု-နှစ်၊ဆေး၀ါးတက္ကသိုလ်)၊ မခိုင်ခိုင်ဝေ(ပြည်လမ်း TTC)၊ မအိဇာနည်မြင့်အောင်(အထက-၂၊ ကမာရွတ်)၊ မောင်ဝင်းထက်ကျော်(ပြည်လမ်း TTC)တို့၏အဘွားသည် ၁၈-၆-၂၀၀၄ရက် မွန်းလွဲ ၁း၃၅ နာရီတွင် UHC အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

Pa Dal Lam Ging
(Dal Lam)
(စိန်ကုန်သည်)
အသက်(၄၅)နှစ်

စစ်ကိုင်းတိုင်း၊ ကလေးမြို့၊ ပင်လုံ ၁၃ လမ်း၊ အိမ်အမှတ် ၉ နေ (Pa. Vai Za Dal- Nu Din Man)တို့၏ တတိယမြောက်သား၊ Nu. Ni Ding၊ (Pa. Ngo Khan Mang)၊ Rev. Dr Khen Za Sianတို့၏ညီ/မောင်၊ Pastor Luan Ngaih Cin၊ Nu. Zan Sian Cing၊ Nu. Awi Lam Vung၊ Nu. Ning Don Ciin၊ Nu. Ngin Khawn Niang တို့၏ အစ်ကို၊ Tg. Dal Khat Sian Muang၊ Lia Man San Lun Cing၊ Tg. Khual Khawn Thang၊ Lia. Man Khawn Cing၊ Lia. Cin Ngaih Lian၊ Tg. Sian Hoih Kip၊ Lia.Dim Khat Lun၊ Lia. Man Khawl Nuan၊ Lia. Cing Nuam Vung၊ Tg. Ging Hoih Lian Tuang၊ Tg. Dal Sian Thawn Mung၊Tg. Cin Sian Zo Mang၊ Tg. Gin Pha Sian Sang၊ Lia. Ding Sian Lan Pakတို့၏ဦးလေးသည် ကလေးမြို့ အထက်ပါနေအိမ်၌ ၁၈-၆-၂၀၀၄ ရက် နံနက် ၉း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၆-၂၀၀၄ ရက် (စနေနေ့)ညနေ ၃ နာရီတွင် အထက်ပါနေအိမ်၌ဝတ်ပြုဆုတောင်းပြီး ကလေးမြို့ ပင်လုံခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအုန်းမောင်
(အငြိမ်းစား)ကျောင်းဆရာကြီး
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ဝေဠုဝန်လမ်းကျယ်၊ အမှတ် ၁၀ နေ (ဦးဘခင်-ဒေါ်သွဲ့)တို့၏ သားကြီး၊ (ဦးလှဖေ)-ဒေါ်ညွှန့်ရှင်၊ (ဦးထွန်းအောင်ကျော်)တို့၏ အစ်ကိုကြီး၊ ဦးညွှန့်စိန်-ဒေါ်ခင်ခင်ပြုံး၊ ဦးတင်ရွှေ-ဒေါ်တင်တင်ဝင်း၊ ဦးခင်မောင်ဦး-ဒေါ်ညွှန့်ညွှန့်မေထွန်း၊ ဒုတိယဗိုလ်မှူးကြီးတင်အောင် (ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မော်လမြိုင်)-ဒေါ်ခင်ခင်ထား၊ ဦးမြအုန်း-ဒေါ်အေးအေးဟန်တို့၏ ဘကြီး၊ ကျိုက်ထီး ရိုးရသေ့တောင် စာရေးကြီး ဦးကျော်မြင့်-ဒေါ်ငွေးငွေးကြည်(EEF)တို့၏ဖခင်၊ (ဒေါ်စိန်ရင်)၏ ခင်ပွန်း၊ မောင်ဇင်အောင်ပြည့်နှင့်မြေး ၁၁ယောက်တို့၏အဘိုး၊ မြစ် ၁၈ ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၀၄ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒုတိယဗိုလ်မှူးကြီးသန့်စွမ်းခိုင်
B.A(Law), LL.B, HGP
ကြည်း/၁၂၁၅၆၊ O.T.S (၄၃)
လ/ထ စစ်ဥပဒေချုပ်
အသက်(၅၆)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Suang Pi Khua ရွာနေ(Hau Sa Pu, Ngin Thang-Pi, Ngul Cing)တို့၏သား၊ (Capt.Ngul Za Thang - Pi, Ngul Ciang)တို့၏ သားသမက်၊ Nipi Nem Khua Lian၏မောင်၊ (ဦးနန်ဇခုတ်၊ ပြည်တွင်းအခွန်ဦးစီးမှူး၊မိုင်းရှူးမြို့)-ဒေါ်ထန်ရှင်းဒိမ့်(ပြည်တွင်းအခွန်ဦးစီးမှူးရုံး၊ ကလေးမြို့)၊ ဦးပြောင်ဆွင်းမုန် [UNICEF Field Officer (Monitoring), Kale Myo] - ဒေါက်တာနွမ်ဆုန်(လက်ထောက်ဆရာဝန်၊ ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့)၊ Nineu, Niang Khan Huai၊ Pa neu, Khai Thawn Thang(B.A၊ မြန်မာစာ၊ BTh,)တို့၏အစ်ကို၊ ဒေါ်ဒိမ့်ဂိုကျိန်(အထက်တန်းသူနာပြု၊ ငြိမ်း)၏ခင်ပွန်း၊ (Pa Thang Zo Tuang)- Nu, Zen Dim Khawl (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ရန်ကုန်မြို့)၊ Tg, Thang Khan Am (GTC ၊ တောင်ကြီးမြို့)၊ Tg, Cing Lian Sang(ပဋ္ဌမတန်း၊ အထက-၇၊ တောင်ကြီးမြို့)တို့၏ဖခင်၊ Tg, Khai Sian Mung၏ဘိုးဘိုးသည် တဆရ(၂)၌ ၁၆-၆-၂၀၀၄ရက် ည ၈း၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ပါသဖြင့် ၁၉-၆-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ) အအေးတိုက်၌ စစ်အခမ်းအနားဖြင့် ဂုဏ်ပြုပြီး ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်ဓမ္မာရုံ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(ကားများကို အမှတ် ၉၀၊ အောင်မင်္ဂလာလမ်း၊ကျောက်မြောင်းနှင့် TBCY ဘုရားကျောင်းတို့မှ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်တင်တင်သန်း(ခ)
ဒေါ်တင်တင်သန်းအေး
အသက်(၅၅)နှစ်

ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်အေးစန်း (ငြိမ်း)-ဒေါ်ခင်ခင်တို့၏ သမီးကြီး၊ (ဦးချစ်-ဒေါ်နှင်းရီ)တို့၏ သမီးချွေးမ၊ ဦးအောင်မင်းအေး-ဒေါ်ခင်မမ၊ (ဒုတိယဗိုလ်မှူးကြီးမင်းနိုင်)-ဒေါ်နုနုအေး၊ဦးဖုန်းမြင့်အေး-ဒေါ်ခင်လေးစိုးတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်း၊ ခြံအမှတ် (ဘီ/၁)နေ ဒုတိယဗိုလ်မှူးကြီးသန်းမြင့် [ငြိမ်း၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန]၏ဇနီး၊ မမြင့်သီတာအေး၊ မောင်ဝင်းကျော်အေး - မဇင်မာသက်တို့၏မိခင်သည် ၁၇-၆-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ဆာကူရာအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၉-၆-၂၀၀၄ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးကျော်သိန်း (ငြိမ်း)
(OTS-3)
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့သစ်လုပ်ငန်း
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သပြေညိုလမ်း၊ အိမ်အမှတ် ၁၄ (ငါးလွှာ၊ ဝဲဘက်ခန်း)နေ (ဦးအောင်သိန်း၊ တောင်ငူ - ဒေါ်ဒေါ်စိန်း)တို့၏ သား၊ (ဒေါ်ကေတီ)၏ခင်ပွန်း၊ (ဦးဖေသိန်း-ဒေါ်သိန်းတင်)၊ (ဒေါ်အေးရင်)တို့၏ ညီ/မောင်၊ (ဦးအောင်သန်း-ဒေါ်ခင်ကြည်)၊ဒေါ်ဖွားရင်(ဌာနမှူး၊ငြိမ်း၊အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်)-(ဦးထင်ကျော်)၊ ဒေါ်ခင်မေ(ကထိက၊ ငြိမ်း၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်)-(ဦးသန်းကြွယ်)၊ (ဒေါက်တာဒေါ်အေးကြည်)၊ ဒေါ်စိန်စိန် (ညွှန်မှူး၊ ငြိမ်း၊ အဆင့်မြင့်ပညာဦးစီးဌာန)-ဦးတင်လွင်(ပါမောက္ခ၊ ငြိမ်း၊ ပါဠိဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏အစ်ကို ဦးအောင်ဇော်-ဒေါ်ခင်ဒေဝီကျော်(Liver)တို့၏ဖခင်၊ ဒေါ်မိုးရတနာမြင့်(မော်စီ)၏ ဦးလေး၊ မမြတ်သက်မွန်(X-E, TTC)၊ မောင်ရဲလင်းကျော်(V-F, TTC)တို့၏အဘိုးသည် ၁၈-၆-၂၀၀၄ရက်(သောကြာနေ့)ညနေ ၃း၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၉-၆-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဟံ
(တင်ဟံရုပ်ဆိုင်၊ ပဲခူး)
အသက်(၇၄)နှစ်

ပဲခူးမြို့၊ အမှတ် ၃၃၇၊ အုန်းပင်တန်းလမ်းနေ ဒေါ်ချို၏ခင်ပွန်း၊ ကိုစိုးနိုင်-မစမ်းစမ်းဝင်း၊ ကိုအေးကို-မလှလှဝေ၊ ကိုမော်ကြီး၊ ကိုရာပြည့်-မအိအိသန့်တို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၈-၆-၂၀၀၄ရက်(သောကြာနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအုန်းစိန်(ခ)ဦးဇေယျ
(ရွှေပန်းထိမ်)ခိုင်နှင်းဆီရွှေဆိုင်
ရွှေဂုံတိုင်၊ ဗဟန်း
အသက်(၅၁)နှစ်

မုဒုံမြို့၊ ဗိုလ်ကံတဲရပ်နေ (ဦးသောင်းကျော်-ဒေါ်ရင်မေ)တို့၏သား၊ မုဒုံမြို့၊ ကွမ်တုံရွာပိုင်း၊ မြတ်လေးလမ်းနေ ဦးအောင်ရွှေ-ဒေါ်ပုတို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တိုက် ၇၊ အခန်း ၂၄၊ ရွှေဂုံရိပ်မွန်အိမ်ရာနေ ဒေါ်ချိုချိုနွယ်၏ခင်ပွန်း၊ ဒေါ်ခင်စမ်း၊ ဦးခင်ညွှန့်၊ ဦးခင်သိန်း၊ မမြင့်အေးတို့၏ ညီ/မောင်၊ မလှသွင်၏အစ်ကို၊ မနဝါလင်း၊ မောင်ကျော်ဇေယျာလင်း၊ မောင်အောင်ကျော်ထွန်းတို့၏ဖခင်သည် ၁၇-၆-၂၀၀၄ရက် နံနက် ၈း၃၀ နာရီတွင် နှင်းဆီကုန်းအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ဝင်းဟန်(ခ)
ဒါရိုက်တာဒယ်နီ (ဗီဒီယို)
အသက်(၄၁)နှစ်

အိမ်အမှတ် B-11, FMI City နေ ဒုတိယဗိုလ်မှူးကြီးသီဟန်(ငြိမ်း)-ဒေါ်စိုးစိုးနွယ်တို့၏သားကြီး၊ ဦးထွဋ်အောင်ကြည်-ဒေါ်မာမာဝင်းတို့၏ သားသမက်၊ တိုက် ၁၊ အခန်း ၃၊ မြောင်းမြလမ်းနေ ဒေါ်ဥမ္မာဝင်း(အထက-၂၊ စမ်းချောင်း)၏ခင်ပွန်း၊ မောင်သူရဝင်းဟန်(D/C - Uniteam)-မသီတာအောင်(Ranbaxy)၊ ဗိုလ်လောင်းအာကာဝင်းဟန် (စ-နှစ်၊ တပ်မတော်ဆေးတက္ကသိုလ်)တို့၏ဖခင်၊ ဦးဝင်းကျော်မိုး(ပြည်တွင်းအခွန်) - ဒေါ်ဝေမာဟန်၊ ဦးအောင်စိုးဟန်(Thai Airways)-ဒေါ်မိုးသူဇာ (Mdy Hill Hotel)တို့၏အစ်ကိုကြီးသည် ၁၈-၆-၂၀၀၄ ရက် ည ၇း၁၅ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀-၆-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (စမ်းချောင်း၊ မြောင်းမြလမ်း နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်အုန်းကြည် (အိုးသည်ကုန်း)
အသက်(၈၃)နှစ်

ပဲခူးတိုင်း၊ အိုးသည်ကုန်းမြို့၊ လမ်းမတော်လမ်းနေ (ဦးထွား-ဒေါ်စိန်)တို့၏ သမီး၊(ဦးတင်မြင့်၊အောင်သပြေဆန်စက်)၏ဇနီး၊ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊(၂)ရပ်ကွက်၊ဗဟိုလမ်း၊ ၃၇၈ နေ ဦးမျိုးမြင့်ဝမ်း-ဒေါ်မြကြူ (သူနာပြုဆရာမကြီး၊ ကလေးဆေးရုံ)၊ ဦးလှမျိုး-ဒေါ်ချိုချိုဝင်း၊ ဦးမောင်မောင်အေး-ဒေါ်သန်းသန်းအေး၊ ဗိုလ်မှူးကြီးမင်းကို-ဒေါ်ခင်မေအေး၊ဦးမျိုးတင့်ဆွေ-ဒေါ်စုစုလှိုင်၊ ဦးသက်ထွန်း-ဒေါ်မာလာနွယ်တို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏အဘွားသည် ၁၇-၆-၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၀၄ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [အိမ်အမှတ် ၃၇၈၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်းဒါယကာကြီး
ဦးခင်မောင်အေး (မြောင်းမြ)
B.A, D.E.P, H.G.P, R.L
ဒုတိယကုန်တိုက်မန်နေဂျာ(ငြိမ်း)၊ ပန်းဆိုးတန်းကုန်တိုက်(၁)
ဥက္ကဋ္ဌ၊ Myat Nyein Min Co.,Ltd.
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ခြံအမှတ် ၆၀(B+C)၊ မဥ္ဇူလမ်းသွယ်(၂)၊ပါရမီရိပ်သာ၊ရန်ကင်းမြို့နယ်နေ(ဦးသောင်းရှိန်-ဒေါ်သိန်းရှင်)တို့၏သား၊ ရွှေဘိုမြို့၊ မြိုက်စုရပ်နေ (ဦးရွှင်)-ဒေါ်ငွေထိန်းတို့၏သားသမက်၊ ဒေါ်မြင့်မြင့်ရွှင်(Managing Director, Myat Nyein Min Co.,Ltd)၏ခင်ပွန်း၊ မမြတ်သန္တာအေး (Macguire University, Sydeny, Australia)၊ မငြိမ်းငွေးစံ(IT, Officer 2t Inland of Singapore)၊ မောင်မင်းကိုကိုအေး (IT, Deakin University, Singapore)တို့၏ဖခင်ကြီး၊ (ဦးညွှန့်ခင်)-ဒေါ်ခင်ခင်ဦးတို့၏မောင်၊ဦးစိန်ငွေ-(ဒေါ်အေးသင်)၊ ဒေါ်ခင်ခင်စန်း(အလပြ၊ ငြိမ်း၊ ရန်ကင်း အလက-၄)၊ ဦးခင်မောင်ထွေး(ဦးစီးအရာရှိ၊ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်စန်းမြင့်(တရားရုံးချုပ်ရှေ့နေ၊ ငြိမ်း)တို့၏အစ်ကိုကြီး၊ ဦးဘမိုး(စိုက်သိပ္ပံကထိက၊ ငြိမ်း)-ဒေါ်မြင့်မြင့်ကြည် (စိုက်သိပ္ပံကထိက၊ ငြိမ်း)၊ (ဦးတင်စိန်-ဒေါ်သြည)၊ ဦးသိန်း(တရားရုံးချုပ်ရှေ့နေကြီး၊ ငြိမ်း)-ဒေါ်ခင်ပိုး၊ ဦးသန်းထွန်း (ရဲမှူးကြီး၊ ဧရာဝတီတိုင်း)-ဒေါ်စန်းကြင်တို့၏ညီ၊ ဦးခင်မောင်ညွှန့်(အင်ဂျင်နီယာမှူးကြီး၊ စွမ်းအင်ဝန်ကြီးဌာန၊ ငြိမ်း)-ဒေါ်သန်းသန်းတို့၏ အစ်ကိုကြီး၊ တူ တူမ ၂၃ယောက်တို့၏ဦးကြီးသည် ၁၇-၆-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၉း၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုမင်းဇော်(ခ)လှမျိုးသန့်
မင်းဇော်အပ်ချုပ်လုံးဆိုင်၊ သိမ်ကြီးဈေး(D)ရုံ
အသက်(၃၆)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၂၄၆၊ စောရန်နိုင်လမ်း၊ (၃၅) ရပ်ကွက်နေ ဦးအေး-ဒေါ်တင်မြင့်တို့၏ သား၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ ၃ လမ်း၊ အမှတ် ၅၉၇ နေ ဦးစံသိန်း-ဒေါ်သာဖြူတို့၏သားသမက်၊ဦးစိန်ဝင်း-ဒေါ်မြမြဝင်း၊ ကိုအောင်ကျော်ညွှန့်-ဒေါ်စန်းကြည်၊ မလွင်လွင်အေး၊ မောင်သိန်းဇော်-မအေးသိန်း၊ကိုလှမိုးအောင်-မမြင့်မြင့်အေးတို့၏ညီ/မောင်၊ မောင်ပြည့်ဖြိုးဝေ၊ မောင်ရဲဝင့်နိုင်တို့၏ အစ်ကို၊ မအေးသိန်းဦး(ခ)မသန်းသန်းဦး၏ခင်ပွန်းသည် ၁၇-၆-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

19-6 (19).p65 1 03/24/1905, 9:36 AM

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့်တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၁၈

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ စာတမ်းရှင် ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ အစည်းအဝေးခန်း၌ ကျင်းပသည်။

စာမျက်နှာ ၈ ကော်လံ ၃ ▼

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ပြည်နယ်နှင့် မြို့နယ်အဆင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များအား ဤသို့ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်)

ရေအတွက်ပူပင်ခဲ့ရသောအောင်လံမြို့နယ် မြို့နယ်လုံးကျွတ်သောက်သုံးရေရ၍ပီတိဖြာဝေ

သတင်းဆောင်းပါး - ငြိမ်းမင်းစံ (မဟာအောင်မြေ)
ဓာတ်ပုံမှတ်တမ်း - နယ်စပ်/စည်ပင်

ရန်ကုန် ဇွန် ၁၈

မကွေးတိုင်း အောင်လံမြို့သည် စိတ်ဝင်စားဖွယ် ကောင်းသော မြို့ဖြစ်သည်။ အောင်လံမြို့ကို ရှေးအခါက အာလံမြို့ဟု ခေါ်ဆိုခဲ့ကြသည်။

အောင်လံမြို့၏ မြောက်ဘက်၌ မြေထဲမြို့ဟောင်းရှိသည်။ မြေထဲမြို့သည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက ခံတပ်မြို့ ဖြစ်သည်။ ဗြိတိသျှတို့ ပထမအကြိမ် ကျူးကျော်စစ်ပွဲကာလက မြန်မာတို့ မြေထဲခံတပ်ကိုအသုံးပြုကာ ခုခံတွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ဗြိတိသျှ ကိုလိုနီခေတ်တွင်

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

တိုင်းရင်းသားများအပေါ် နွေးထွေးသောချစ်ကြည်ရင်းနှီးမှု သို့မဟုတ် အမျိုးသမီးရေးရာ၊ မိခင်ကလေးနှင့် ပြည်ထောင်စုစိတ်ဓာတ်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်ကျော်သည် အမျိုးသမီးများ ဖြစ်ကြသည်။တစ်နည်းဆိုရသော် အမျိုးသမီးအင်အားစုက အမျိုးသား များထက် ပိုမိုနေသည်။ သို့ဖြစ်လေရာ အမျိုးသမီးများ၏ စွမ်းဆောင်မှု သည် တိုင်းပြည်အတွက် တစ်တပ်တစ်အား ဖြစ်စေသည်။

အမျိုးသမီးကိုယ်စားပြု

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံ တွင် ပြည်နယ်နှင့်တိုင်း အသီးသီး၌ ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ခိုင်မာစွာ ရပ်တည်လျက်ရှိသော အမျိုးသမီးထု ကိုယ်စားပြု လူမှုရေးအဖွဲ့အစည်းများဖြစ်ကြ၏။

စာမျက်နှာ ၉ ကော်လံ ၁ ●

မကွေးတိုင်း အောင်လံမြို့နယ် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ဤသို့ကျင်းပခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်မိုးရေချိန်

၁၈-၆-၂၀၀၄

မင်္ဂလာဒုံ	၉၀ မမ	(၃ ဒသမ၅၄လက်မ)
ကမ္ဘာအေး	၁၀၁ မမ	(၃ဒသမ ၉၇လက်မ)
ရန်ကုန်မြို့လယ်	၄၁ မမ	(၁ဒသမ၆၁လက်မ)

ယူရို ၂၀၀၄ အုပ်စုပွဲစဉ်များ သုံးသပ်ချက်
လတ်ပီးယားက ဂျာမနီကို ယှဉ်နိုင်မည်မထင် ဟော်လန်နှင့်ချက် အငြေတွက်ရခက်သောပွဲစဉ်

ကိုထွေး-သုံးသပ်တင်ပြသည်

ရန်ကုန် ဇွန် ၁၈

ယူရို၂၀၀၄ဘောလုံးပြိုင်ပွဲကြီး အရှိန်အဟုန်မြင့်တက်လာကာ ဘောလုံးဝါသနာရှင်များ၏ အာရုံကို ဖမ်းစားထားလျက်ရှိသည်။ ပြိုင်ပွဲ မစတင်မီက ပွဲကြီးပွဲကောင်းများကို မလွတ်တမ်းကြည့်မည်ဟု အားခဲထား သော်လည်း ပွဲဆက်များလာသောအခါ

စာမျက်နှာ ၁၃ ကော်လံ ၁ ✻

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မိတ်ဆွေဟုခေါ်ရမည့်မြွေများလား

ကမ္ဘာပေါ်တွင် အဆိပ်ရှိသောမြွေသတ္တဝါအများ အပြားရှိသည်။ အဆိပ်ရှိသည့် ထိုတွားသွားမြွေသတ္တဝါ များသည် လူတို့၏ကြောက်ရွံ့ မုန်းတီးဖွယ်ရာ သတ္တဝါများအဖြစ် သတ်မှတ်ခြင်းကို ခံကြရသည်။

အဆိပ်ရှိပြီးလူကို သေစေနိုင်သည့် မြွေများဟုပင် ဆို သော်လည်း၎င်းတို့ နှစ်သက်သည့် ဂီတသံစဉ်များကို ကြားလျှင်ပါးပျဉ်း ထောင်၍ ကပြကြပုံကို အိန္ဒိယ လူမျိုးတစ်ဦးက တီးမှုတ်ဖျော်ဖြေ ပြနေပုံဖြစ်သည်။

(ဝဲပုံ)

(အေအက်ဖ်ပီ)

အင်္ဂါဂြိုဟ်ကျောက်တုံးများလေ့လာ

နာဆာအဖွဲ့က အင်္ဂါဂြိုဟ်ပေါ်သို့ လွှတ် တင်ထားခဲ့သော အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေး ယာဉ် (**အပေါ်ပုံ**) သည် အင်္ဂါဂြိုဟ်ပေါ်ရှိ ကျောက်တုံးများကိုစူးစမ်းလေ့လာလျက်ရှိသည်။ လေ့လာရေးယာဉ် စပရစ်၏ ဘီးခြောက်လုံး အနက် တစ်လုံးမှာ ပြဿနာတစ်ခုဖြစ်ပေါ်ခဲ့ သော်လည်း ဘူမိဗေဒလေ့လာရေး စပရစ်ယာဉ် ဆက်လက် အလုပ်လုပ်ဆောင်မည်ဟု နာဆာက ယုံကြည်ထားသည်။

(အင်တာနက်)